
ပခုံးပေါ်က
ဝါယာမများ...

# မာတိကာ

## ကဗျာ


- သူ.. သိပါစေ
- အစိမ်းရောင် မှတ်တိုင်
- နေရစ်ခဲ့တော့ သူငယ်ချင်း
- မနေ့က ကျနော်တို့ပုခုံးပေါ်မှာ ကြယ်တစ်ပွင့်တိုးတယ်
- ဂုဏ်ပြုမျက်ရည်လေးသာ ကျလိုက်ပါ
- ချစ်သူ့သားကောင်း
- မြို့ပြည၏ အထီးကျန်ငိုရှိုက်သံ
- စစ်သားဟူသည်
- အိပ်မက်လေးပဲ ဖြစ်မယ်မောင်
- ဆုတောင်း
- ထာဝရပါရမီဖြည့်ဖက်
- မေမေသို့
- မောင်မရှိသောအိပ်ယာဝင်
- စစ်သားချစ်သူ
- မောင့်ချစ်သူ
- ညီညာသာပေါင်း
- ကြယ်တစ်ပွင့်ရဲ့သွေး
- စစ်သည်နှင့်ကြင်သက်
- နားလည်နိုင်ပါစေ
- ပါရမီဖြည့်ဖက်ဆိုတာ
- ရဲသည့်စစ်သား၊ စစ်သား ရဲဘော်

## အက်ဆေး၊ ဝတ္ထုတို၊ ဆောင်းပါး

- ကြာပြီ
- ကျွန်တော်နှင့်ဘီစကစ်လက်ကျန်
- ဗိုလ်ချုပ်စားသော ထမင်းတစ်နပ်
- အမေ
- မျက်ရည်စိုတို့ တိတ်ပါစေ
- ဘဝတကွေ့က နားလည်မှု
- ကျွန်မ မြင်တွေ့ခဲ့သော မျက်လုံးများ
- အဝေးကပဲ ကန်တော့လိုက်ပါတယ် "ဖေဖေ"
- နှင်းဆီဖြူတစ်ပွင့်ပွင့်ဖို့အတွက် ကျွန်တော့်လက်တွေ သွေးစွန်းခံလိုက်တယ်
- ရုရှား ထက်မြက်ထူးချွန်ထက်မြက်တဲ့ ပညာရှင် ဆီအိုကောစ်စကီး(Konstantin E. Tsiolkovsky)
- စိမ်းပေမဲ့လည်း ဖြူပါတယ်လေ

# အမှာစာ

၂၀၁၂ ခုနှစ်။ မိုးတွင်း။ တပ်မတော်သားများအချင်းချင်း online ပေါ်တွင် စကားစပ်မိရာမှ ဤစာအုပ်ကလေး ဖြစ်လာရသည်။ တပ်မတော်သားများနှင့် ဆိုင်ရာဆိုင်ရာ မိတ်ဆွေများ အမှတ်တရအနေဖြင့် စုစည်းလိုက်ခြင်းသဘောမျိုးသာ ဖြစ်သည်။ ကျွန်တော်တို့ ပုခုံးပေါ်က အကြောင်းအရာများစွာကို ကျွန်တော်တို့ကိုယ်တိုင် ဖောက်သည်ချသလိုမျိုး။ ကျွန်တော်တို့ ပုခုံးထက်၌ ပွင့်သော ပန်းများကို ကျွန်တော်တို့ကိုယ်တိုင် ပြန်သီထားသလိုမျိုး။ အမှတ်တရ တစ်ခုစာလောက်ဖြစ်ဖြစ် ပုခုံးပေါ်ကနိယာမများ ဟု လက်ဆွဲနှုတ်ဆက်လိုက်ကြသည်။

ပုခုံးပေါ်ကနိယာမများ

နေပိုင်

# သူ…သိပါစေ

အတိတ်ရောင်ပျပျလေးပါ
မိုးနှောင်းနှင်းစက်တွေထဲ
တစ်ပတ်ပြီးတစ်ပတ်ရစ်ပတ်
ငါ့မှာ အလွမ်းတွေပဲ အလိမ်းလိမ်းပေကျံတယ်

မင်းခယောက်ျား
ကျောခင်းတဲ့မြေက ကြမ်းတမ်းလည်း
တစ်ခါတစ်ခါတော့လည်း တမ်းတခွင့်လေးရှိချင်ကြောင်း
အိပ်မက်ချိုလေး သိပါစေ

ရေသန့် ဘူးအေးအေးလေးတွေ
လက်သည်းနီရဲရဲလေးတွေ
လက်ရေးလှလှလေးတွေ
သတိတရရှိလှကြောင်း
သဂၤဟ်လွှာလေး သိပါစေ

အသက်နဲ့ ရင်းရတဲ့တိုက်ပွဲတွေ…
မြေမအောက်မှာ စိုစွတ်နေတဲ့ ချွေးစတွေကြားမှာ
ရင်နင့်အောင် လွမ်းမိနေကြောင်း
ချစ်သူလက်ဖဝါးလေးထဲက
တစ်ရှူးဖြူဖြူလေး သိပါစေ

အလင်းစက်

# အစိမ်းရောင် မှတ်တိုင်

စစ်ပွဲတွေနဲ့ ကမ္ဘာကို ကယ်တင်လို့မရဘူး။
အမုန်တကယ် ငြိမ်းချမ်းပြီလို့ ထင်နေတာကလည်း အပိုပဲ။
ဒီလိုနဲ့.. ကလေးဘယ်နှယောက်ကို အဖမဲ့ ဖြစ်စေခဲ့ပြီးပြီလဲ။

စစ်ပွဲတွေဟာ တရားမနာဘူး။
ဒီတော့ကိုယ့်လိုပဲ လူရိုင်းကလေးဖြစ်ရတယ်။
အသက်ကိုအိမ်မှာထားခွင့်မရှိတာလည်း ဒီစစ်ပဲ။

ငါတို့အိပ်မက်ကလေးတွေ မိုင်းနဲ့ပါသွားပြီ။ မျက်ရည်များ။
စစ်ပွဲဆိုတာ မျက်ရည်နဲ့သွေး ဓာတ်ပြုထားသလိုမျိုး။
ငိုသံတွေနဲ့ပဲ ပန်းတွေပွင့်ရတယ်။
အချစ်မှာမျက်စိမရှိသလို စစ်မှာလည်း မျက်စိမရှိဘူး မေမေ။
ဒီည.. ကျွန်တော့်ခြေထောက်အပြတ်ကလေး အိမ်ပြန်ရောက်ပဲ့မလား။

ဖိနပ်ချွတ်ပြီးမှမြေပုံပေါ်တက်လည်း အိမ်နဲ့ဝေးတုန်းပဲ။
အိမ်ရောက်ဖို့ဆိုတာလည်း လမ်းအဝေးကြီးလျှောက်ရဦးမယ်။
ဘယ်သူသိမလဲ။
ကျွန်တော်တို့ပုခုံးပေါ်က မှတ်တိုင်လေး အိပ်ရေးပျက်နေတယ်ဆိုတာ။

နေပိုင်

# နေရစ်ခဲ့တော့ သူငယ်ချင်း



လေကြမ်းလှိုင်းထန်၊ လောကဓံနှင့်
လမ်းမှန်ကိုရွေး၊ ဘ၀ပေးကာ
အသွေးအသား၊
အများပြည်သူ၊ ပေးဆပ်လှူသည့်
ထမ်းယူတာဝန်၊ ရွက်ကျေပွန်ရင်း
စစ်နွံနက်နက်၊ ဂဲဂယက်မှာ
တစ်ခက် ကြွေလွင့်ရပြန်ပြီ.........။

စစ်သားကောင်းတို့..
အလောင်းမြေခ၊ ပျက်ကြွေရလည်း
ရဲကမသေ၊
သေက ငရဲမလား၊ ဆိုရှိထားသည့်
စကားသစ္စာ၊ ရှိသည့်ရာတိုင်း
ဂုန်တာကျေပွန်၊ အားစိတ်သွန်သည့်
ပြည့်မွန်ချစ်စွာ၊မင်းရှိရာကို
ငါသည်ဦးညွှတ်လိုက်ပါ၏......။

နယ်ပယ်မသိ၊ဆုံး မရှိသည့်
တိုင်းပြည့်ငြိမ်းရေး၊ မပြီးသေး၍
မပေးလှစွာ၊ ရွှေပြည်သာရေး
တောပြာစိမ့်စမ်း၊ အသွင်ဆန်းသည့်.
ငြိမ်းချမ်းပို့မြစ် ၊နေရာသစ်မှာ
နေရစ်ခဲ့တော့ သူငယ်ချင်း......

**နွေမိုး**



## မနေ့က ကျနော်တို့ပခုံးပေါ်မှာ ကြယ်တစ်ပွင့်တိုးတယ်

အမှတ်တမဲ့နဲ့
ကျနော်တို့အတွက် ဘူတာတစ်ခု
၇နှစ်အပြီးမှာ
ဆိုက်ရောက်လာတယ်

အိမ်ပြန်ချိန်မသိ
နားချိန်မရှိတဲ့ နေ့ရက်များ
ပြက္ခဒိန် ၇ခုစာ ပြာဖြစ်ခဲ့ကြ
ကြမ်းတမ်းတဲ့ ခရီးလမ်းမှာ
တစ်ကိုယ်တည်း ပျော်မွေ့ခဲ့ကြ
ယုံကြည်ချက်တစ်ခုအတွက်
လူမှန်းများလဲ
အစိမ်းရောင်ကိုပဲ ချစ်တတ်ခဲ့တယ်

ခါးသက်တဲ့ မုန်တိုင်းတွေနဲ့ ကြုံလေတိုင်း
ကျလုလု မျက်ရည်
ရှိုက်သံမဲ့ ငိုကြွေးရခြင်းတွေ
ကျနော်တို့လဲ လူပါပဲ
နှလုံးသားနဲ့ တည်ဆောက်ထားတယ်
အများအတွက် သေနတ်ကိုင်တဲ့လက်
စိတ်အဆာပြေရုံ
ဘယ်တုန်းကမှ လူမသတ်ခဲ့ဘူး

ငါးခုံးမတစ်ကောင်ကြောင့်
တစ်လှေလုံးပုပ်ဆိုသလို

သစ်တစ်ပင်မကောင်းရှုံနဲ့
တစ်တောလုံးပြုတ်ရတဲ့အဖြစ်မျိုး
ကျနော်ရင်နာလို့ မဆုံးပါဘူး လောကကြီးရယ်
မတရားဘူးလို့ ဟစ်ကြွေးချင်ပေမယ့်
ဘယ်သူကရော နားထောင်ပေးလို့လဲ
ကျနော်တို့ရဲ့ သွေးတွေ ချွေးတွေ
ဘယ်သူကရော မြင်ပေးလို့လဲ
အများအတွက် ကိုယ့်ကိုယ်ကိုယ်တူးဆွ
အသက်ကို မြေမှာချခဲ့တာတောင်
ဘယ်သူကများ အသိအမှတ်ပြုလဲ

အဲ့ဒီလိုနဲ့
မသိလိုက် မသိဖာသာ
ကျနော်တို့ တစ်ဖြုတ်ဖြုတ်ကြွေကျသွားခဲ့ရတာ

ဖေဖေ မေမေ
မောင်နှမတွေနဲ့ မိသားစုရဲ့ ဟိုးအဝေးမှာ
မိုးဒဏ်လေဒဏ် ဥတုဒဏ်ကြား
ရင်ဘတ်တစ်ခုလုံး အသားမာတက်
နှလုံးသားတွေ ကျွဲပခုံးထခဲ့ရတယ်

ပြောစမ်းပါဦး လောကကြီးရယ်
မြေမှာ ကြွေဆင်းဖို့သက်သက်တော့
ကျနော်တို့တွေ လင်းလက်မပြခဲ့ဘူး
ပခုံးပေါ်က ကြယ်ဆိုတာ
ကျနော်တို့ သွေးနဲ့ ဖွဲ့စည်းထားတာ
စကားလုံးပေါင်းများစွာ
လက်ညှိုးပေါင်းများစွာ

သူတို့နားမလည်တဲ့ ကျနော်တို့ဆိုတာ
သွေးတစ်စက်နဲ့ ဖြစ်တည်လာတဲ့
ကြယ်တစ်ပွင့်ကိုပဲ ပိုမြတ်နိုးတယ်

ရတယ်
စိန်ခေါ်မှုတွေကြား
မုန်းတီးသူတွေကြားမှာ
ကိုယ့်ကိုယ်ကိုယ် တည်ဆောက်
ယောက်ျားဆိုတာ ဘယ်တော့မှ ဒူးမထောက်ဘူး

ဒီလိုနဲ့
ထိုးနှက်ချက်တွေနဲ့အတူ
အစိမ်းရောင်ကို မုန်းတဲ့လူတွေရဲ့
မနေ့က ကျနော်တို့ပခုံးပေါ်မှာ ကြယ်တစ်ပွင့်တိုးခဲ့ပြီ မေမေ ..။

ဇော်။



# ဂုဏ်ပြုမျက်ရည်လေးသာ ကျလိုက်ပါ


အမေသားကို ဆုတောင်းသလို
သားညီအစ်ကို အမေတွေလည်း ဆုတောင်းနေမှာပါ
ငှါသားတွေအောင်မြင်မှုတွေနဲ့
အသီးပွင့်တွေ ပြည်တော်ကိုသယ်လာနိုင်ကြပါစေ
ငှါသားလေးတွေခွင့် ပြန်လာရင် ဘာကျွေးရမလဲ
အမေလို သားညီအစ်ကိုတိုင်းရဲ့ အမေပေါင်းများစွာ
တွေးနေမှာပါ....

အော်အမေ
သားတို့တွေအမေတွေကို အနီးကပ်စောင့်ရှောက်ခွင့် မရပေမယ့်
ပြည်သူကို အသက်တွေရင်းပီး စောက်ရှောက်နေတာပါ.....

အမေရယ်
အသက်တွေရင်းလိုက်တဲ့ သားတို့ညီအစ်ကိုတွေ
အမေတွေရဲ့ မျက်ရည်တွေမြင်ရင်
သားခုခွဲနေရတယ်ဆိုတာ ဘာမှမဟုတ်သေးပါဘူးအမေ
ဒီလိုဖြေလိုက်ရင် သားကိုလွမ်းတဲ့ အမေအလွမ်းတွေ
သက်သာမှာပါ...

အမေ သားမောင်တစ်နေ့ ပေးဆပ်ခဲ့ရရင်လည်း
ပြုံးပြုံးလေးနဲ့ မျက်ရည်ကျလိုက်ပါ အမေ...

အော်ငှါသားလိုစွန့်လွှတ်သွားတဲ့လူတွေတွက်
ဂုဏ်ပြုမျက်ရည်လေးတွေပါ ....
အမေသားမပေးဆပ်ရသေးဘူး ဒါပေမဲ့



သားမောင်တို့ စစ်သားတိုင်းလိုချင်တာလည်း ဒါပါဘဲ


လူဘဝဆိုတာ လွယ်လွယ်မရတာ၊
အမေတွေဟာ ကိုယ်မွေးထားတဲ့ သားကို ဘယ်လောက်ချစ်တယ်
သားတို့ လဲသိတာပေါ့ အမေ....

သားမောင်စစ်သားတို့ မှ မစွန့်လွှတ်ရင်လည်း
နိုင်ငံအတွက်ပြည်သူတွက် လွပ်လပ်ရေးဆိုတာ၊
သာယာငြိမ်းချမ်းဖို့ ဆိုတာ ပြောက်ကွယ်သွားနိုင်တယ်လေ...

ဒါကြောင့် စစ်သားတစ်ယောက်ဟာ သူ့တွက်ပြည်သူ မိသားစု၊
အမေတစ်စုံတစ်ယောက်က မျက်ရည်ကျမယ်ဆို
သူဟာ ပြည်သူ တိုင်းပြည်သာယာဖို့
စွန့် လွှတ်အနစ်နာခံသွားတဲ့ အတွက်
သူ့ ခံစားချက်က ဂုဏ်ယူမျက်ရည်ပဲ
ကျစေချင်မှာပဲ အမေ....


စွန့်လွှတ်သွားတဲ့လူတိုင်းမှာ ကလည်း
ပြည်သူတွက်ဆိုပီး စွန့်လွှတ်ခဲ့တာကို
ဂုဏ်ယူသွားမှာဆိုတာ သားမောင်လိုစစ်သားတွေပဲသိမှာပါ.....

ဘာလို့လဲဆို
အမေကိုယ်တိုင်လည်း ပြည်သူပဲကိုး
အမေကို အနီးကပ်မစောင့်ရှောက်နိုင်ပေမယ့် တစ်ပြည်လုံးက
အမေအမေပေါင်းများစွာ ပြည်သူတွေရဲ့ပျော်ရွှင်ရေးတွက်
တိုင်းပြည်သာယာရေး တရားဥပဒေစိုးမိုးရေးတွက်
အသက်ကို မြေသြဇာလို ချကျွေးတာ
သားမောင်တို့ လို စစ်သားတွေပါအမေ...........




ဒီအကြောင်းလေးအမေသိရင် မျက်ရည်ကျမိမယ်ဆိုရင်
ဂုဏ်ပြုမျက်ရည်လေးပဲ ကျလိုက်ပါအမေ
ကျလိုက်ပါအမေ...
ကျဆုံးပေးဆပ်သွားတဲ့ သားမောင်ရှင်အမေတွေအတွက်
ခံစားမိရင် ကျလိုက်ပါအမေ
ဂုဏ်ပြုမျက်ရည်လေး...
ကျလိုက်ပါ.....။

ဖိုးသားလေး



# ချစ်သူ့သားကောင်း

မိုင်းလုံးရယ်ပြာ
တောင်အာကာပတ်လည်ဝိုင်း
မြူဆိုင်းသည့်ဂနိုင်ရပ်မှ
အဝေးနေ ချစ်သက်ထားထံ
မှန်းလို့ရည်တမ်း။

ပေဖူးစာလွှာ
လွမ်းကဗျာသီကုံး
လူကြုံတုန်းမှာ ပေးနိုင်ဖို့ရာ
အပြုံးများလည်း ဖွဲ့ထုံးထားရဲ့။

သို့ပါသော်ငြား
ရှေ့တန်းသွားသည့်
မောင်တစ်ယောက်မှာ
စာလွှာမပါး လူကြုံရှားမို့
မေ့သွားပြီဟု မထင်မှားလိုက်ပါနှင့် ..
စစ်ချီသူမှာ လက်ရုံးအားဖြင့်တိုက်ပွဲဆင်လို့
နှလုံးသားက ချစ်သူနားမှ တဖဝါးမခွာ
သစ္စာမြဲစွာ ရှိနေသည်သာ ။

ယမုံ

# မြို့ပြည၏ အထီးကျန် ငိုရှိုက်သံ

မြို့ပြတဲ့အမေ တိုက်တာကြီးတွေမိုးထိမြင့်ပါရဲ့
မေတ္တာတရားတွေကတော့ အဂီစိအောက် ဂျိုးကပ်လောက်တယ်.....

နံနက်ခင်းကို အုန်းမောင်းခေါက်သံ မကြားရတဲ့အရပ်မှာ
နေဘယ်လိုထွက်တယ်ဆိုတာ တစ်မနက်မှမသိခဲ့ပါဘူး..အမေ။

ကောက်ညှင်းပေါင်းနဲ့ ပဲပြုတ်ဆိုတဲ့ အော်သံတွေနဲ့အတူ
နံနက်စာဆိုတာပျောက်
ညနေ ၅နာရီ ၆နာရီလောက်မှ
နေ့လည်စာစားချိန်ဆိုတာ ရောက်ရောက်နေတယ်အမေ.....
ဖော်ရွေမှုကင်းမဲ့တဲ့ မျက်နှာတွေနဲ့ စက်ရုပ်ဆန်ဆန် လှုပ်ရှားသွားလာနေတဲ့
လူတွေရဲ့အလယ်မှာ အနေကြာလာတော့
ကျွန်တော်ဆိုတဲ့ လူတစ်ယောက်ရဲ့ မျက်နှာမှာအပြုံးတွေကွယ်ပျောက်နေတယ်အမေ....

ကျောက်သင်ပုန်းကို ကိုယ်တိုင်ဖျက်ပြီး စာသင်နေရတဲ့
တုန်ရီရီ ပရော်ဖက်ဆာရဲ့လက်ချာမှာ
နားမလည်မှုတွေများစွာနဲ့ ထိုင်နေရင်းငုတ်တုတ်
အချိန်တွေပုတ်လို့ အကျိုးယုတ်ခဲ့တာလည်း မနည်းလှပေါ့....

ကျွန်တော်တို့ စားစရာတွေပေါပါရဲ့
ဒါပေမယ့် အမေ့လက်ရာလေးတွေကိုပဲ လွမ်းတယ်အမေ...

ကျွန်တော်တို့နေထိုင်ရတာအဆင့်မြင့်ပါရဲ့
ဒါပေမယ့် အမေ့အိမ်လေးကိုဘဲ အောက်မေ့တယ်အမေ....

ကျွန်တော်တို့ အင်တာနက်မှာကြည့်စရာတွေစုံပါရဲ့
ဒါပေမယ့် အမေပြောတဲ့ ပုံပြင်လေးတွေကိုဘဲ သတိရနေတယ်အမေ...

အမေ...ဒီလိုနဲ့ပဲ
မြို့ပြရဲ့ခြောက်ကပ်ကပ်
အထီးကျန်ညတွေမှာ
ငိုရှိုက်နေတဲ့ သားတစ်ယောက်
လက်ချိုးရေတွက်
အမေ့ရင်ခွင် ခိုနားခွင့်ရမယ့် ရက်တွေကိုပဲ...
မျှော်နေမိတယ် အမေ.....။

ကမ်းလင့်မည့်လက်





# စစ်သားဟူသည်

အဘယ်သူက ၊ မြေကိုကျောခင်း
ဆူးနင်းလမ်းဆီ၊ ပျော်ရွှင်မည်တည်း

အဘယ်သူက၊ ဇနီးသားသမီး
မနီးတောတောင်၊ နေပျော်မည်တည်း

အဘယ်သူက၊ ဆွဲမိုင်းခွဲမိုင်း
ကျည်မိုးဖြိုင်းရာ၊ ပျော်ရှာမည်တည်း

အဘယ်သူက၊ နာရီနှစ်ဆယ့်လေး
တာဝန်ပေးရာ၊ ထမ်းဆောင်မှာတည်း

အဘယ်သူက၊ မြင့်မားတောတောင်
ကျောပိုးအိပ်ဆောင်လို့၊ ချီဖို့မည်တည်း

အဘယ်သူက၊ ထမင်းမစား
မျှစ်ဆန်ပြုတ်အားနှင့်၊ ခွန်အားဆင့်မည်တည်း

အဘယ်သူက၊ တိုင်းပြည်တွင်းပ
ကျူးကျော်ကြမှု၊ စော်ကားမှုအား
စွန့်စားအသက်လှူ၊ ကြည်ဖြူမည်တည်း၊

ဇနီးချစ်သား၊ ပေးကွာခြားနှင့်
တောဆင့်တောင်သွယ်၊ လွယ်ကာကျောပိုး
မိုးသည်းရေအောက်၊ ဆူးခင်းလျှောက်လမ်း
မိုင်းခြောက်လှန့်လည်း၊ နေ့ညမနား
ထမင်းအားမလို၊ စိတ်ဓါတ်လိုသည်
ထိုသူထိုကား၊
ပြည်ချစ်သားခေါ် တပ်မတော်တည့်၊



မဗေဒါ

# အိပ်မက်ကလေးပဲ ဖြစ်မယ်မောင်

တမလွန်ဆိုတာ မိုးရွာလေ့ရှိသလား မောင်။
အချိန်တိုတိုလေးမှာပဲ မောင့်ရဲ့ဝင်သက်ထွက်သက်ကလေးလည်း တိုသွားတယ်။
ဘယ်လိုဘုရားသခင်မျိုးရဲ့ လက်နဲ့မှ စစ်ပွဲတွေကို သတ်လို့ရမလဲ။

အိပ်မက်ကလေးလည်းဖြစ်မယ်.. မောင်။
အိပ်မက်ဆိုတာလည်း အိမ်ထဲမှာပဲရှိလိမ့်မယ်။
မောင် မမြင်ဖူးတဲ့ သားလေးက မောင့်ကိုလည်း မြင်ဖူးမှာမဟုတ်ဘူး။
ဒါမင်းဖေဖေလို့ ဓာတ်ပုံကလေးပြမိတဲ့အခါ
ကလေးပြန်ပြောမယ့်စကားတွေက ကျွန်မအတွက် အလျော်အစားလည်း ကြီးနိုင်တယ် မောင်။

ရန်ကုန်မှာ မိုးရွာတဲ့နေ့က မောင်ကျွန်မဆီပြန်လာတယ်။
လက်နှစ်ဖက်ပါမလာဘူး။
မောင်ကျွန်မဆီ ပြန်လာတယ်။
ခြေထောက်နှစ်ဖက် ပါမလာဘူး။
မောင်ကျွန်မဆီပြန်လာတယ်။
ခန္ဓာကိုယ်တစ်ခုလုံး ပါမလာဘူး။
မောင်ကျွန်မဆီ ပြန်လာတယ်။
ဝင်သက်ထွက်သက်ကလေး ပါမလာဘူး။
ဒါပေမဲ့ မောင်ကျွန်မဆီပြန်လာခဲ့တယ် မောင်။

ကျွန်မ စစ်ပွဲတွေကို မုန်းပြီး စစ်သားတွေကို ချစ်တယ်မောင်။
စစ်ပွဲတွေက စစ်သားတွေကို သတ်တယ်။
ပြီးတော့ မောင့်ကိုသတ်တယ်။
မပျော်လင့်တဲ့ကံကြမ္မာက ကျွန်မပျော်လင့်ချက်ကလေးကို ဝင်တိုက်သွားတယ်။
မောင်ပြန်လာခဲ့သလိုပဲ ကျွန်မဆီ မောင် ပြန်လာတယ်။
အိပ်မက်ကလေးပဲဖြစ်မယ်.. မောင်။

နေပိုင်

# ဆုတောင်း

အမောင်စစ်သား ရှေ့တန်းမှာလေ
အောင်မြင်စေကြောင်း ဆုမွန်တောင်းကာ
သပြေခက်နှင့် ရေလှူတာ။

အန္တရာယ်ကင်းစေ ဘေးရှင်းစေလို့
ဘုရားမှာအဓိဋ္ဌာန် မေတ္တာပို့ဝေ
တောင်းဆုချွေရင်း.........
ငါပြုသမျှ ထိုကုသိုလ်ကြောင့်
ချစ်သူအမောင်.....
ဘေးကင်းချမ်းသာ အန္တရာယ်ကင်းစွာ
တရားသောစစ်ပွဲ အောင်မြင်ကာနှင့်
ပြန်လာမည့်ရက် ငါစောင့်မျှော်လျှက်...။

ဇင်ဝေ



# ထာဝရ ပါရမီဖြည့်ဖက်

အမောင်စစ်သား
မေ့……သက်လျာသည်
တိုင်းပြည်အတွက် အသက်ကိုပေးအပ်
ချစ်သူမေ့အတွက် အချိန်တွေအမြဲကြပ်
တာဝန်တွေဦးထိပ်ရွက် ထမ်းဆောင်နေတဲ့
မောင့်……. အတွက်
ထာဝရ ပါရမီဖြည့်ဖက်……။
အမောင်စစ်သား
မေ့……သက်လျာကို
ချစ်ခင်စုံမက်
နားလည်ခြင်းများပေးအပ်
သစ္စာတရားကိုဦးထိပ်ပန်လျှက်
တစ်သက်မခွဲ
မောင့်……အရိပ်အဖြစ်
ထာဝရ ပါရမီဖြည့်ဖက်……။
အမောင်စစ်သား
မေ့……သက်လျာအား
ကျန်းမာစေကြောင်း နေ့စဉ်ဆုတောင်း
တပ်မတော်သားအပေါင်း
ဘေးရန်ကင်းရှင်းစေကြောင်း
မေ…….အမြဲဆုတောင်း
မောင့်…….အတွက်
ထာဝရ ပါရမီဖြည့်ဖက်……။



KP & PK

## မေမေသို့

အချက်ပေးသံတွေကြားတယ်
ဟိုးအနောက်တောင်ကုန်းမှာ တိုက်ပွဲတွေစတော့မယ်ထင်ပါရဲ့
မောင်းတင်သံတချို့တောင် ခပ်သဲ့သဲ့ကြားနေရပြီ မေမေ

ကျည်ဆန်တစ်တောင့်ပဲကျန်ကောင်းကျန်မယ်
ရေတစ်ပေါက်ပဲ ကျန်ကောင်းကျန်မယ်
အရိုးတစ်ချောင်းပဲ ကျန်ကောင်းကျန်မယ်
ကျွန်တော့်သွေးတွေကတော့ အင်ပြည့်အားပြည့်ရှိနေတယ် မေမေ

ကျွန်တော့်ရှေ့က သွေးပြန်ကြောတွေရဲ့ အကြောင်း
ကျွန်တော့်လက်ထဲက ခွဲစားလေးတစ်လက်အကြောင်း
ကျွန်တော့်ကျောပေါ်က မောင်းပြန်ရိုင်ဖယ်လေးအကြောင်း
အခွင့်ရှိသေးရင်တော့ ပြောပြချင်နေသေးတယ် မေမေ

မေမေရပ်နေတဲ့ မြေတစ်လက်မလေးပေါ်မှာ
ကျွန်တော့် လက်ဖဝါးလေးတစ်ဖက်ရှိတယ် မေမေ
မိုင်းကွင်းနဲ့ သတ်ကွင်းတွေထဲမှာ
ဆေးပတ်တီးအိတ်လေးလည်း ဦးဆွေးဆံမြွေ့ရဲပါတယ် မေမေ

လှေခွက်ချည်းကျန်တောင်
ကျွန်တော့်တို့ရဲ့ အလံပေါ်မှာအုပ်ကိုင်မယ့်
ကျွန်တော့်တို့ လက်တွေမြဲပါတယ် မေမေ
မောင်းတင်သံတွေထဲ ကျွန်တော်သွားတော့မယ် မေမေ
သားငယ် ရှိခိုးခဲ့ပါတယ်...။

အလင်းစက်

# မောင်မရှိသော အိပ်ယာဝင်

ငါတို့ တိုင်းပြည်..
ငါတို့ ပြည်ကို
မည်သူကျူးကျော်ဝင်ရောက်မည်နည်း။

ငါတို့ကာကွယ်ငါတို့တိုက်ထုတ်
အနိုင်တုတ်နှင့် အောင်ပွဲခံမည်
တို့ စစ်သည်။

ဆောင်းတွင်းကာလချမ်းခိုက်ခိုက်တုန်
ဝသာန်မိုးရေ စွတ်စွတ်ဆိုလို့
နေလောင်ဒဏ်ခံ နွေရာသီဂယ်
ခံရခက်လှပါဘိ တို့ စစ်သည်။

တိုင်းပြည်အတွက်
ဒီအခက်ခဲငါတို့မေ့လျော့
အေးချမ်းပါဘိတို့စစ်သည်။

ည အိပ်ယာဝင်
ကျောပိုးအိတ်တလုံးနှင့်
ညာဘက်ရင်အုံအိပ်ကတ်စီမှ
ချစ်သူဓာတ်ပုံ အလွမ်းပြေကြည့်ရင်း
တိုင်းပြည်အတွက်မင်းခစစ်သည်
ငါ၏နှလုံးသား စတေးတည်ကာ
ကာကွယ်ပါမည် တို့စစ်သည်။



အမိဂုင်ခွင်နွေးထွေးပိုက်တွယ်
အနွေးဓာတ်နဲ့ ဝေးရပါသော်
တိုင်းပြည်အေးချမ်းသာယာစေရေး
အမိအနွေးဓာတ်သားမောင်စစ်သည်...
စတေးရပါသည် တို့စစ်သည်။

ငါဟဲ့စစ်သားမင်းခယောက်ျား
ငါတို့ကြွေးကြော် ငါ၏အသက်ငါ၏ခန္ဓာ
ငါ၏နှလုံးသား ငါ၏တိုင်းပြည်အတွက်
စတေးပါသည်တို့ စစ်သည်။

စစ်ခွေးစစ်ခွေးအနိုင်းခံဂု....
မင်းခယောက်ျားငါ၏အသွေးသားတို့
တိုင်းပြည်ကာကွယ် ပြည်တွက်စောင့်ရှောက်
ငါ၏ကာကွယ်မှုကြောင့်
အေးချမ်းပါစေပြည်သားတို့............
မင်းတို့ခေါ်ဝေါ် စစ်ခွေးဟူသည်
မင်းခယောက်ျားအမောင်စစ်သည်
မင်းတို့အတွက် အသက်ကိုစတေး
အမိရင်ခွင်ကို ပစ်ခွာ ကြင်သူသက်ထားပါရမီဖြည့်ဘက်လေးကိုပစ်
တောတောင်ထူထပ် မိုင်းထုတွေကြား
ရဲရဲဝံ့ဝံ့ တိုက်ပွဲဝင်လျက်
အို မင်းခယောက်ျား အမောင်စစ်သားတို့..............
မြင့်မြတ်စိတ်ထားဖြူစင်လှပါဘိ။

ပါရမီဖြည့်ဘက်ကျွန်မသည်လည်း.......
အလွမ်းတွေနှင့်တိုင်းပြည်အတွက်
အချစ်တွေကိုစတေး ပါရမီဖြည့်မည်

အမောင်စစ်သည်......
ချစ်သူအလွမ်းမျက်ရည်စတို့
အမောင်စစ်သည်အောင်ပွဲတွေအတွက်
ဂုဏ်ယူအလွမ်းနှင့်အသက်ဆက်မည်
အမောင်စစ်သည်..............
ရှေ့တန်းတနေရာမှချစ်သူအတွက်
ကျွန်မ၏ဂုဏ်ယူအလွမ်း။

စာဉမ



# စစ်သားချစ်သူ

အစဉ်သာ ကြင်ရပါတဲ့
မေ့သည်းညာ
ကိုစစ်သားရေ..

နေ့ညည့်ရက်တွေဆက်လို့
ပင့်သက်ရှည်ကြာ
ကြာ..ကြာလှပေါ့ ...ကွယ်
စာမလာ ..သတင်းစကား
မကြားပါလို့
စစ်ထွက်ရယ်ကဖြင့်ကြာ…

ကျန်ရစ်ခဲ့သူ
မေ့ခများ ...
ဩော်..ကံကြမ္မာ
မမြင်ရချေဘူး..
စိတ်နှလုံးမသာယာလို့
မျက်ရည်ပုလဲ
တသွယ်သွယ်ပဲ ကျရှာတယ်လေ..

ညမိုးမှောင်
သန်းခေါင်ရောက်လည်း
အိပ်လို့မရ
အစ်ကိုစစ်သားကို
တမ်းတမိပါလို့
မေ့ခများ ...
ငိုရရှာတယ်လေ ....



ရှင်တော်ဘုရားထံ
အကိုစစ်သား
အွန္တာရာယ်အပေါင်း
ဘေးရှင်းစေကြောင်း
ဆုတောင်းရင်းဖြင့်
ပြန်လာမယ့်ရက်
လက်ချိုးရေလျက်
တွေမှိုင်လွမ်းနွဲ့
မျက်ရည်စိုစို
ပြတင်းအိုမှ... နေ
အဝေးရွာသို့
မျှော်ပါရစေ…ရှင်…

စက်ဝန်းရာသီ
တစ်ပတ်လည်ပြီမို့
ဉသြတလှည့်
သဇင်တလှည့်ပြောင်းကာ
ရာသီတွေဟောင်းပါလို့
မေ့မျှော်တဲ့ရက်
ရောက်ရင်ဖြင့်လေ
လှပဖိတ်လက်
ပန်းနနွတ်ထက်
အပြုံးခိုလို့
တောင်ပြာဖြူတန်း
ဟို…တောလမ်းက
ချီလာလိမ့်မယ့်
စစ်ဖိနပ်သံ
တညံညံကို

ရင်ခုန်ကာကြားယောင်ပါလို့
အောင်သပြေ ပန်းနှင့်
ကြိုပါရစေ..ရှင်

ခရီးနာရီ
ခဏလေးသာပဲ
ပြန်လည်တွေ့ချိန်
စစ်သားချစ်သူ ..မေ
ငိုမိရင်ဖြင့်..
မေ့ကိုအပြစ်မယူကြေး….

မေ့ပါးပြင်ထက်
အနမ်းတစ်ရာပွင့်ပေးပါလို့
အလွမ်းမိုးသည်းခဲ့ရပါတဲ့
စစ်သားချစ်သူ..မေ့ကို
အစ်ကိုစစ်သားရင်ခွင်ထဲ
ထွေးပွေ့ကာချော့တော့ကွယ်လေး ....။

ပစ်ပစ်



# မောင့်ချစ်သူ

အချိန်တိုင်းမှာ
တထိတ်ထိတ်ခုန်သော ရင်အစုံနှင့်
အွန္တရာယ်ကင်းစေကြောင်း ဘုရားမှာ
ဆုတောင်းချွေရင်း စစ်ထွက်သူ ..ချစ်သူအား
စိုးထိတ် ဗျာပါရ ဝေရသည် . .
ဘယ်အချိန် အိမ်ပြန်လာလေမလဲ
သတင်းကောင်းတို့ စောင့်စား မျှော်နေ
ဤသည်မှာ စစ်သားချစ်သူ
ပါရမီဖြည့်ဘက်တိုင်း ကြုံဆုံရသည့်ဘဝပါလေ . . ။

သို့ပေမယ့် မေတစ်ယောက် စိုးကြောက်မနေပါဘူး
တိုင်းပြည်နှင့်လူမျိုးကို အသက်နှင့်ခန္ဓာ
ပုံအပ်ခါပေးလို့ ကာကွယ်စောင့်ရှောက်တဲ့သူရေ ..
အောင်ပွဲနှင့်အတူ မောင်ပြန်အလာကို
သပြေခက်တွေနှင့် စံပယ်ဖြူ ထုံထုံမွှေးကို
ရင်ဂယ်ပိုက်လို့ ဂုဏ်ယူအပြုံးလေးတွေနဲ့
ရှေ့ဆုံးက ကြိုနေမယ့်သူဟာ မေ . .။

စစ်သားချစ်သူဖြစ်ရလို့ အနေမခက်ပါဘူး
ရွှေလက်မတွဲခင်တည်းက မောင်သွားရာ
ဖဝါးထပ်လို့ ပါရမီဖြည့်ဘက် ဖြစ်ချင်ခဲ့သူပါ . .
ဘယ်သူ ဘာပြောပြော မောင်ဟာစစ်သား .. မေ့ရဲ့ချစ်သူ
စစ်သားချစ်သူတစ်ယောက် အဖြစ်
အမြဲဂုဏ်ယူလို့ ကျေနပ်နေမည့်သူပါ မောင်ရေ . . ။

ယမုံ

# ညီညာသာပေါင်း

မြစ်ချောင်းပေါ်ကြွယ်....တို့မြန်ပြည်ဝယ်
မိုးသက်လေပြင်း....ခစားကြွေဆင်း
ပင်လယ်အလား....ထင်ယောင်အမှား
ဒဏ်ခတ်ကြမ်းတမ်း....ရေပြင်ဖုံးလွှမ်း
ပြိုပျက်ယိုင်လဲ....ဒုက္ခယှဉ်တွဲ
ရင်ဂယ်ဒိုကျွေး....ချိန်ရွယ်မရွေး
တိုင်းရေဂယ်....သာပေါင်းမြို့နယ်.......။

ညီကိုရင်းတို့ ....သွေးချင်းပေမို့
တဦးဒုက္ခ....ကူညီဖေးမ
ဂေမျှခံစား....မွန်မြတ်စိတ်ထား
ရုန်းထအရှုံး ....စားထိုးအပြုံး
ကမ်းလက်လှမ်းမယ်....ထောက်ပံ့ကယ်ဆယ်
မြန်ပြည်တဟုမ်း....ဂိုင်းဂန်းကြိုးပမ်း
တိုင်းရေဂယ်....သာပေါင်းမြို့နယ်....။

ဇာနည်စစ်သား....ပြည်ချစ်သူမို့
ပြည်သူဒုက္ခ.... ငါတို့ ဒုက္ခ
ပြည်သူမျက်ရည်....ငါတို့ မျက်ရည်
သက်ပေးကာကွယ်....ကယ်ဆယ်ရေးဂယ်
ကုသရောဂါ....ထောက်ပံ့ဂမ်းစာ
ကျရာနေရာ ....တာဂန်ကျေစွာ
တိုင်းရေဂယ်....သာပေါင်းမြို့နယ်....။

ဂေးရောက်စစ်သည်...ပြည်ချစ်ပေမို့
စာနာစိတ်ထား....ဇာနည်စစ်သား

ရသည့်လစာ....ဖဲ့ဝေလှူကာ
ကြိုးစား အလှူ....ဝေမျှကာယူ
ဆန်ဆီစားဖွယ်....အထွေထွေကို
အရောက်လှူမည်...ဇာနည်စစ်သည်
တိုင်းရောဂယ်....သာပေါင်းမြို့နယ်....။

ဇာနည်စစ်သား....ကြင်သူပေမို့
ချစ်သူ အပူ....ကြင်သူ့အပူ
ချစ်ခြင်းအပြည့် ....ပါရမီဖြည့်
ပိုင်းဂန်းထမ်းယူ...စစ်သည်ချစ်သူ
ထည့်ဝင်လှူဒါန်း....မြန်ပြည်တွက်မို့
သွားရောက်လှူမည်....ကိုယ်စားစစ်သည်
တိုင်းရောဂယ်....သာပေါင်းမြို့နယ်....။

Haemo Cell






# ကြယ်တစ်ပွင့်ရဲ့ " သွေး "

သူငယ်ချင်းရေ ငါခံစားမှု
တစိတ်တဒေသကို အဆင်သင့်သမျှ
ငါရင်ဖွင့်ပါရစေကွာ
သူငယ်ချင်းရေ မင်းသိတဲ့ အတိုင်းဘဲ
ဒို့ တွေဘ၀ နုနယ်စဉ်
အချိန်ကလေးကစ ပင်ပန်းစွာနဲ့ အားထုတ်
တကုပ်ကုပ်နဲ့ ကြိုးစားလာခဲ့လို့
ခုဆိုရင် ငါတို့ အားလုံးဟာ
ရွှေကြယ်တစ်ပွင့်နဲ့ လူပုံအလယ်တင့်တင့်တယ်
နေနိုင်နေကြပါပြီကွာ
ငါတို့ ရဲ့ နုနယ်တဲ့ နှလုံးသားလေးတွေဟာ
ပေးဆပ်ရမှာကိုသိရက်နဲ့
နိုင်ငံတော်နဲ့ ပြည်သူ အကျိုးအတွက်ဆိုပြီးရည်မျှော်မှန်း
တာဂန်ထမ်းခဲ့ တာ အခုဆိုရင် သက္ကရာဇ်တွေ တပတ်လည်
လို့ အသက်နှစ်ဆယ်ပင် ကျော်ခဲ့ ကြပီလေ
ဒို့ တွေရဲ့ ဘ၀ကို
ပေးဆပ်မယ်လို့ သစ္စာပြု ထားကြမှတော့
အသက်ပေး စတေးကြရတယ် ဆိုတာ သာမညပေါ့
ငါတို့ တွေ အတူတူ ရွေးချယ်ခဲ့ ကြတဲ့ ဒီလမ်း
မျှော်မှန်းခဲ့ ကြတဲ့ ဒီအနာဂတ်မှာတော့
သူငယ်ချင်းရေ ......
နိုင်ငံနဲ့ လူမျိုး အတွက် အသက်ကိုပင် စွန့် လွှတ်ကာ
ကြယ်တစ်ပွင့်ရဲ့ "ချွေး"
ကြယ်တစ်ပွင့်ရဲ့ "သွေး"
ရဲရဲနီတယ် ဆိုတာကို မင်းကိုယ်တိုင်
ပြနိုင်ခဲ့ပါပြီကွာ ကြယ်တစ်ပွင့်ထက် ပိုသာတဲ့

မင်းရဲ့ အလင်းရောင်တွေဟာ ခုဆိုရင်
မြေခလို့ ကြွေကျခဲ့ရပြီပေါ့
အကြွေစောခဲ့ ရတဲ့ ကြယ်တပွင့်
မင်းအတွက် ငါတို့ တပ်မတော်သားတွေ
အစဉ် ဦးခိုက်နေလျှက်ပါကွာ............

ဇွဲနေ





# စစ်သည်နှင့်ကြင်သက်

လွမ်းရေးခက်ခက် ဆွေးရခက်သည်
ဒီမောင်စစ်သား ချစ်အားမတူ
ပိုမမှုလို့ တွေးကြံမြယ့်ရင်
မုန်တိုင်းငယ်ဆင် ရတက်ပွေသည်
သူတည်းတစ်ယောက် သိပါစ။

ဒီမောင်ရင်ကား လွမ်းရပါသည်
ပြည်ဝန်ထမ်းမို့ ကြင်ပျို့အပါး
နားမနိုင်ပြီ တစ်နယ်ခြားမယ်
ရယ်ရွှင်အပြုံး အစဉ်သုဉ်းလို့
နလုံးစိတ်မယ် ကြည်မသ။

စစ်သည်ကြင်သက် ဆွေးရပေမည်
ရွေးချယ်သည့်ကံ မှန်သည်ထင်သမို့
တွန့်လို့မဆုတ် အားမယုတ်လင့်
စစ်သည်ယောကျ်ား လွမ်းရပေလဲ
မြဲမြံဖွဲ့မာန် တင်းဖန်ထားလျက်
မြန်ပြည့်အကျိုး တိုးထမ်းအံ့။

ထိပ်ထား

# နားလည်နိုင်ပါစေ

ချစ်သူရှိနေ ဌာနေဆီသို့
မျှော်ကာတမ်းတ လွမ်းပါသော်လည်း
နေ့တွေ ရက်ဆက် အချိန်ဆက်လို့
ရပ်ဝေးသို့သာ ထွက်နေရသည်......
မြင်ပါချင်လှ ချစ်သက်လျှာကို
တွေ့ချင်သော်ငြား စိတ်ထဲမှာထားလျှက်
မောင့်တွင်ရှိနေ တာဝန်တွေကြောင့်
ဝေးနေရပ်မှ စစ်သားဘဝကို
ချစ်သူတစ်ယောက် နားလည်နိုင်ပါစေ...........။

KP



# ပါရမီဖြည့်ဖက်ဆိုတာ ...


ချစ်သူဘဝမှာ
သူများချစ်သူတွေလို
ကြည်နူးခွင့်နှင့်
ဆုံတွေ့ခွင့်ဆိုတာ ရခဲလှပါတယ် ။

လိုအပ်ချက်ကွက်လပ်တိုင်းမှာ
ဖြည့်ဆည်းပေးချင်တဲ့ စိတ်လေးရယ်
မောင့်အနားမှာ တွယ်ကပ်လိုတဲ့ အရိပ်လေးရယ်
အမြဲဖြစ်နေချင်မိတာ လွန်တယ်လို့ မဆိုလိုက်ပါနဲ့နော် ။

ကျွန်မအနား မောင်မရှိတဲ့ အချိန်လေးမှာ
သူငယ်ချင်းတွေရဲ့ စူးစမ်းချင်တဲ့စိတ်
လှောင်ပြောင် မေးငေါ့ကြတဲ့ အရိပ်တွေကြားမှာ
ကျွန်မနေသားကျနေခဲ့ပါပြီ မောင် ။

ဘယ်နေရာကိုသွားသွား တစ်ယောက်တည်းပါ
သူများချစ်သူတွေကို ငေးမောအားကျရင်း
ငါသည် ပါရမီဖြည့်ဖက်ဖြစ်မယ့် သူပါလားဆိုပြီး
စိတ်ကိုတင်းရင်း ကျေနပ်နေမိခဲ့ပြန်တယ် ။

ဒီလိုနဲ့ ဖူးစာဖက်လို့
စစ်သားတစ်ယောက်ရဲ့ ဇနီးဖြစ်လာပြန်တော့
ပါရမီဖြည့်ဖက်ဆိုတဲ့ စကားလုံးကို
ကျွန်မ ပိုမိုခံမင်လာခဲ့ရပြန်တယ် ။



ရှေ့တန်းထွက်ဖို့ ပြင်ဆင်ပေးရင်း
အောင်ပွဲနဲ့အတူပြန်လာဖို့
တတ်သိသမျှ ဘုရားဂုဏ်တော်တွေ ရွတ်ရင်း
နေ့စဉ်ရက်ဆက် ဘုရားရှေ့မှာဂပ်တွားခဲ့ပါတယ် ။

ဘာပဲဖြစ်ဖြစ် ပါရမီဖြည့်ဖက် ဖြစ်ခွင့်ရတာ
ကျွန်မ ဂုဏ်ယူရင်း
မကြာခဏ နှလုံးသားထဲမှ ခေါ်လိုက်မိတာ
ချစ်သူ (မောင့်) ရဲ့ ပါရမီဖြည့်ဖက်တစ်ဦးပါလား ။

မမစစ်



## ရဲသည့်စစ်သား ၊ စစ်သား ရဲဘော်

တပ်ထဲရောက်တော့ အသက်နှစ်ဆယ်
လည်လည်ဂယ်ဂယ် မရှိသေးဘူး
မအေးဆေးတဲ့ မိသားစု မှာ
အထောက်အကူရလာမလားလို့
အမေတို့အလုပ်အကျွေးပြုလိုစိတ်နဲ့
တပ်မတော်ရင်ခွင်ထဲ ရောက်ခဲ့ ရ တာ……။

ကြောက်စရာကောင်းလိုက်တာ ဆိုတဲ့စကား
မှားလေမှန်းသိခဲ့ရတယ်
အလုပ်သာကြိုးစား၊ စည်းကမ်းသာလိုက်နာ
ဂုဏ်ယူစရာ စစ်သားဘဝ မာတိကာ
ကြီးမားတဲ့ အရိပ်အာဂါသ တစ်ခုပေ့ါ……………၊

တပ်ရင်းမှူးက အဖေ ဆိုရင်
အရာရှိတွေက ကျွန်တော့ဦးလေး
ဆရာကြီးတွေက အစ်ကိုကြီးတွေပေ့ါ
အမိုးလုံတဲ့ ဘားတိုက်ရယ်၊ နွေးစေတဲ့အဂတ်အစားရယ်
မနက်စာနဲ့ ညစာ ဆိုတာ မပူရ
ဖျားရင်တောင် တပ်ဆေးခန်းက အဆင်သင့်…………..၊

ပထမဆုံးရှေ့တန်းထွက်အလာ
မိုင်းတွေဖျာခင်းတဲ့လမ်း
ဒါပေမဲ့ ဘေးကင်းကွာ ခရီးဆုံးကာ ခြေအကုတ်
မိုးတွေက သည်း၊ တဲလေးက မလုံ့တလုံ
လာလမ်းက ဆိုးတော့ ရိက္ခာကပြတ် ခဲ့တယ်……………။

အားလုံးက ဆန်နဲ့ မျှစ်ပြုတ်၊ တပ်ခွဲမှူးကို ထမင်းပွဲ ပြင်အပေး
သူမေးတော့ ဆန်ပြုတ်အကြောင်း သိသွားတဲ့အခါ
ခေါင်းကို ခါ မျက်လုံးတွေ နီလို့
ငါလဲ ဆန်ပြုတ်ပဲ စားမယ်တဲ့၊ ကျနော် ပုခုံးကို ဖက် အပြော
လှိုက်ခနဲ ဖိုသွားတဲ့ ရင်၊ လေးစားလိုက်တာ ဗိုလ်မှူးရယ်လို့
ရင်ထဲမှာ အခါခါ ရွတ်မိနေခဲ့၊

ဗိုလ်မှူးက သောင်းရင်မြစ်ကို မေးတင်ထားတဲ့
သစ်ပင်အကွယ်လေးကနေ ၊ မျှော်မျှော်ကြည့်တတ်တော့
ရွာက ပညာ မနေသာပဲ ၊ ဂါးတွေနဲ့ ခုံတန်းလေး ရိုက်ပေးခဲ့
သူခုံလေးမှာ ထိုင်ပြီး စာတွေ ရေးတာ မြင်တော့
ရင်တွေတောင် ခုန်အောင် ဂမ်းသာလိုက်တာ…………။

သင်္ကြန်မှာတော့ တပ်မှာ ပြန်ရှိနေခဲ့တယ်
အရာရှိကတော်တွေလဲ ပြန်လာကြတယ်၊
တပ်တွင်း သင်္ကြန်မဏ္ဍပ်လေး က ပျော်စရာ
ဒီနစ်မှ ဗျာ ၊ ပျော်လိုက်တာ အရမ်း
ရင်ဗျန်းဗျန်းကွဲအောင် က လိုက်မိတယ် ၊

ရှေ့တန်းကို သင်္ကြန်ပြီးတာနဲ့ ထွက်ခဲ့ ရတယ်
ဗိုလ်မှူးကတော်က ရန်ကုန် အပြန်၊ ကျနော်တို့က ရှေ့တန်းအထွက်
လမ်းခွဲ တနေရာမှာ ၊ ထွက်သွားတဲ့ စစ်ကားတွေကို လက်ပြ ကျန်ခဲ့တဲ့ အမ
မျက်ရည်တွေ ဝဲပြီး အံကို ကြိတ်လို့၊ ကျနော်ပါ ငိုချင်သလိုလိုတွေ ဖြစ်လို့၊




ပထမတခေါက် ရှေ့တန်းထွက်လာပြီးကတည်းက ၊ ကျနော့် စိတ်ဓါတ်တွေ ပိုရဲရင့်လာတယ်
ပိုပြီး မာန်တွေ ပါလာတယ် ၊ လမ်းတလျှောက်မှာလဲ အရမ်းတက်ကြွလာတယ်
တပ်မှာပဲ တသက်လုံး နေမယ် ၊ ဆရာကြီးတွေ လိုမျိုး ကြိုးစားမယ် ဆိုတဲ့ စိတ်က
ကျနော့်ကို အားတွေ အပြည့် ဖြစ်စေခဲ့တာ…………….၊

စခန်းတခု အနား ၊ ကျွန်တော့ဗိုလ်မှူး တပ်ပြောင်း ပါတော့
သူ့ကို ကန်တော့ လိုက်တယ် ၊ ဂမ်းနည်းမိတယ်
ဗိုလ်မှူးနဲ့ နောက်တပ် တွေမှာလဲ ဆုံရပါစေ ပြောတော့
ဗိုလ်မှူးက ပြုံးလို့၊ ကျန်တဲ့ သူတွေကတော့ ပြန်ဆုံဖို့ လွယ်တာ မှတ်လို့ ဆို နောက် လို့…………..။

နောက် ၂ ပတ်လောက် ကြာတော့ နောက် စခန်းတခု ကို ပြောင်းရတယ်
မိုးတွေက သည်းတော့ ၊ မိုင်းတော့ ပေါ်ကုန်ပါပြီ ကွာလို့ လူကြီးတွေ ပြောကြတယ်
စိတ်ထဲမှာ သတိနဲ့ လျှောက်နေရင်းက
တကိုယ်လုံး လေထဲကို မြောက်တက်သွားတယ်
ပြန်အကျ က ဘေးက ခြုံပေါ်ကျတော့ ငါ မနာပါလား ဆိုပြီး
စစ်သားကြီးစိတ် အပြည့်နဲ့ ကုန်း ထလိုက်တယ်………………….။

ကျနော် ရပ်လို့ မရဘူး၊ အောက်ကို ငုံ့ကြည့်လိုက်တော့
ပေါင် တပိုင်း က စ ပြီး ၂ ဖက်လုံး မရှိတော့ဘူး
စိတ်ကို တင်းထား ရက်က ကျနော် မေ့မျော သွားတယ်
တိမ်တွေပေါ်မှာ လွင့်နေလိုက်တာ… ရွာက အဖေ နဲ့ အမေ
ဘားတိုက် က သူငယ်ချင်းတွေ
ဂစ်တာတီးပြီး ပျော်ပျော်နေတတ်တဲ့ ဗိုလ်ကြီးတွေ
အဘ တပ်ရင်းမှူး… ကျနော့ကို အရမ်းသံယောဇဉ်ကြီးတဲ့ ဗိုလ်မှူး
အားလုံးဆီကို ကျနော်သွားနိုင်တယ်ဗျ..
ပျော့ပါး…… လေထဲမှာပျံ့ဂဲ……………………။



ကျနော် နောက်ဆုံးတော့ မင်္ဂလာဒုံ စစ်ဆေးရုံကြီးကို ရောက်လာတယ်
အမေက တွေ့တော့ ငိုတယ်
ကျနော် မငိုဘူးဗျာ………….. ကျနော် ဂုဏ်ယူတယ်
စစ်စတာ တွေကတော့ ဒီခလေး အသည်းမာလိုက်တာတဲ့
လမ်းခရီးကြောင့် ရန်ကုန်ရောက်တော့ ၂ ဖက်လုံး ပေါင်ရင်းက ဖြတ်လိုက်ရတယ် ......။

၁ လလောက် အကြာမှာ ပိုလ်မှူးနဲ့ သူ့မိန်းမ ရောက်လာတယ်
သူကျနော့ ပခုံးကို အဖက်၊ အချိန်အကြာကြီး မျက်ရည် မကျတဲ့ ကျနော်
ခလေးလေး တယောက်လို ရှိုက်ခါ ရှိုက်ခါ ငိုချ မိတယ်
ငိုလို့ ဂ မှ ပိုလ်မှူးကို မော့ကြည့်တော၊ မျက်လုံးတွေ နီပြီး အံကို ကြိတ်လို့
အမကလဲ မျက်ရည်တွေ ကျလို့ ...............၊

ကျနော် စိတ်ဓါတ် မကျဘူး၊ ကျနော်မှာ အားအင်တွေ ရှိတယ်
ကျနော် စွန့်လွှတ်လိုက်ရတဲ့ ခြေထောက် ၂ ချောင်းက တိုင်းပြည်အတွက်
ခြေပြတ် ဖြစ်နေလို့လဲ မရှက်ဘူး
ခေါင်းတလုံး လက်၂ဖက် ပါးစပ် တပေါက် မျက်လုံး ၂လုံး အကောင်းကြီး ရှိသေးတယ်
သြော်..နောက်ပြီး အင်မတန် သန်မာ တဲ့ အသည်းနှလုံး ရှိတယ်လေ ဗျာ..
ကျနော် တတ်တဲ့ ဘက်က အကျိုးပြုအုံးမှာပါ..
စစ်သားတယောက် ဖြစ်ခဲ့ ရတဲ့ ၂ နှစ်တာ ကာလကို တသက်လုံး ဂုဏ်ယူနေအုံးမှာ ဗျ
ကျနော့် အဖေ နဲ့ အမေ လည်း ဂုဏ်ယူနေမှာ အသေအချာပါပဲ
တပ်မတော်ကြီးကလည်း ဂုဏ်ယူနေမှာ မုချမလွဲပါပဲ………………။

မဇေဒါ

# ကြာပြီ

ဇော်သည် မိုးရာသီ သစ်ရွက်စိမ်းကလေးနှင့်တူ၏။
သူ ဘယ်လို ရပ်တည်မှုမျိုးနှင့်များ ကျွန်မ ဘဂထဲ ဂင်ရောက်လာခဲ့ပါသလဲ။
ဖြစ်နိုင်လျှင် ထိုမေးခွန်း ဇော့်ကို မေးကြည့်ချင်သည်။
သို့သော် ဇော် ကျွန်မဆီ ပြန်မလာတာကြာပြီ။

လက်ခုံကို ပြေးတိုက်လာတဲ့ အထိအတွေ့ကြောင့် ငုံ့ကြည့်မိ၏။ ကျွန်မတို့အိမ်ဟာ ဒီလိုပါပဲ။ အိမ်ရှေ့တံခါးနှစ်ချပ်လုံး ဖွင့်ထားရင်ဖြင့် လေပြင်းပြင်းတိုက်ပြီဆို သစ်ရွက်ခြောက်တွေ အိမ်ကပြင်ထိ လွင့်လွင့်ပါလာတတ်သည်။
သစ်ရွက်သိပ်ကြွေသော နွေရာသီမျိုးဆိုလျှင် သိမ်း၍မနိုင်တော့။ ထို့ကြောင့် ကျွန်မက တံခါးပိတ်ပိတ်ထားသည်။ ဇော်က ထိုသို့ထားသည်ကို မကြိုက်။

"ကိုယ့်ဆီကို ပြေးဂင်လာတယ်ဆိုတဲ့ခံစားမှုက ဘယ်လောက်ထူးခြားသလဲ နွယ်ရယ်။ သေချာကြည့်ရင် အဲ့ဒီရွက်ခြောက်လေးတွေက နွယ်နဲ့တူတာဗျ။ ကျုပ်ပြန်လာတိုင်း ခင်ဗျားလေး ကျုပ်ဆီ ပြေးပြေးလာတဲ့ပုံစံလေးအတိုင်းပဲ"

လွမ်းဆွတ်စွာ ကျွန်မ ပြုံးမိ၏။ ဇော်ဟာ တစ်ခါတစ်လေ သိပ်စိတ်ကူးယဉ်ဆန်တာပါပဲ။ အရင်ကလိုဆိုရင်တော့ ဇော့်ကို မျက်စောင်းတထိုးထိုးနှင့် ပွစိပွစိရေရွတ်ရင်း ထိုရွက်ခြောက်တွေကို ကျွန်မကောက်သိမ်းမိလိမ့်မည်။
ထိုအခါ ကျွန်မအမူအရာကိုကြည့်ရင်း ဇော်ဟက်ဟက်ပက်ပက်ရယ်မောမည်။ ကျွန်မဆံပင်တွေ ထိုးဖွရင်း စမည်။ နောက် သစ်ရွက်ခြောက်တွေ ကူကောက်ပေးခြင်းဖြင့် စိတ်ကောက်လုလု ကျွန်မကို ချော့မည်။
ခုတော့လည်း သိမ်းချင်စိတ် မရှိပါ။ ကျွန်မ၏ သစ်ရွက်စိမ်းကလေး ပြန်မလာတာကြာပြီ။ ဒီရွက်ခြောက်တွေသာ ကျွန်မ၏အဖော်။
ဇော် ဘယ်အချိန်များ ဂင်းတံခါးဂကနေ ပြေးဂင်လာမလဲ။ ဇော် ပြန်မလာတာ တော်တော်ကြာနေပြီ။

မိုးတွေ သည်းလာပြန်ပြီ ဇော်...။

တံစက်မြိတ်မှ ရေတို့ စီးကျနေသည်။ နှစ်ယောက်အတူငေးဖူးသည့် မြင်ကွင်းကို တစ်ယောက်တည်း ကြည့်နေရချိန်ခံစားမှုဟာ ထိုမျှခါးသီးပါသလား။
ခါတိုင်းလိုပဲ အိမ်ရှေ့လမ်းမပေါ်မှာ ကလေးတစ်သိုက် ဘောလုံးကန်နေကြ၏။ စိတ်လိုလက်ရရှိသည့်နေ့မျိုးဆို ဇော်နှင့်ကျွန်မ ထိုဘောလုံးပွဲရလဒ်ကို အလောင်းအစား လုပ်တတ်သည်။ ရှုံးသူက ကော်ဖီ ဖျော်ပေးကြေး။
များသောအားဖြင့်တော့ ဇော်ပဲ ကော်ဖီ ဖျော်ရသည်။ ရှုံးသော်လည်း ညစ်တစ်တစ်နှင့် ပေကပ်နေတတ်သည့် ကျွန်မကို ခွင့်လွှတ်ပြုံးလေးပြုံးရင်း ဇော် ကော်ဖီ ထထဖျော်ပေးတတ်သည်။

"အကြွေးနော်။ နောက်တစ်ခါကျရင် နှစ်ခွက်ပြန်ဖျော်ပေးရမှာ"

ကျွန်မကို အလျှော့ပေးတိုင်း ဇော်ပြောနေကျ လက်သုံးစကား။ ဇော်ဟာ သိပ်ကို ချစ်စရာကောင်းတာပါပဲ။
ကျွန်မရင်ထဲ အမျိုးအမည် မသိစွာ ကြပ်ခဲလာသည်။ ဂမ်းနည်းစွာ ငိုချလိုက်ချင်ပေမယ့် မျက်လုံးတွေ စိုစွတ်ဖို့ မေ့လျော့နေကြပုံရသည်။ ဘယ်လို သက်ရောက်မှုမျိုးပါလဲကွယ်။

တစ်ခါတစ်ရံ ကျွန်မပြောပြသည့် ရိုးအီနေပြီးဟာသများကို စိတ်ဂင်တစားနားထောင်ကာ ဟက်ဟက်ပက်ပက်ရယ်မောပေးတတ်သည်။ ဇော်မို့ ရယ်လိုက်ရင် ဖြူဖြူစင်စင်မျက်နှာလေးက ပိုမိုပေါ်လွင်ကာ သိပ်ချစ်စရာကောင်းသွားတတ်၏။
ဇော့်ရယ်နေဟန်ကို ငေးနေရသည့်အချိန်တွေပျောက်ဆုံးနေတာ ကြာပါပြီကော။ ကျွန်မပေါင်ပေါ်တွင် သူ့ခေါင်းလေးအား တင်ထားရင်း နားထင်လေးအားပွတ်ပေးသည့်အခါမျိုး၌တော့ ဇော်သည် ကြောင်ငယ်လေးတစ်ကောင်နှင့် တူ၏။
အပြစ်ကင်းကင်းကလေးလေးတစ်ယောက်နှင့်လည်း တူ၏။ အခွင့်ကြုံခဲ့မည်ဆိုလျှင် ဇော်အိပ်ပျော်နေသည့်အခါ ကျွန်မသူ့ကို ငြိမ်ငြိမ်ကလေး ထိုင်ကြည့်နေမိချင်ပါသေးသည်။ ကျွန်မအိပ်ချင်သည့်အခါမျိုးတွင်လည်း သူ၏လက်မောင်းကို ကျွန်မလုယူဖူးသည်။
သူ၏လက်မောင်းပေါ်တွင်ပင် ကျွန်မအိပ်ပျော်ခဲ့ဖူးသည်။ သို့သော် တချို့ညများတွင် ကျွန်မတို့နှစ်ယောက်လုံး အိပ်မပျော်ကြ။ အထူးသဖြင့် ဇော်ရှေ့တန်းရောက်နေသည့်ညမျိုး ဖြစ်သည်။

ဇော်သည် ဆံပင်ကို ခပ်ရှည်ရှည်ထားလေ့မရှိ။ နှစ်ပတ်တစ်ခါလောက် ဆံပင်ညှပ်လေ့ရှိသည်။

"ရှင်ဘာဖြစ်လို့ ဆံပင်ခဏခဏ ညှပ်တာလဲ ဟင်"

ကျွန်မ ခဏခဏ မေးဖူး၏။ ဖော်ကမဖြေ။ ပြုံးရုံသာ ပြုံးနေတတ်သည်။ သမီးရည်းစားဘဝထဲက ကျွန်မ မေးလာခဲ့သည့်ထိုမေးခွန်းကို သူနှင့် အိမ်ထောင်ကျပြီးမှ ကျွန်မ အဖြေသိရသည်။
သူသည် ဆံပင်မှမဟုတ် လောကထဲတွင် မလိုအပ်ဘဲ ရှည်ထွက်နေတတ်သည့် အရာအားလုံးကို ညှပ်ပစ်လေ့ရှိသည်။ ထိုသို့ညှပ်ပစ်လိုက်ခြင်းကိုလည်း အများက စစ်တိုက်ခြင်းဟု နာမည်ပေးကြ၏။

ကျွန်မနှင့်ဖော် ထိုတစ်ချက်တော့ ကွာခြား၏။
ကျွန်မက လက်သည်းအရှည်ထားသည်။
ဆံပင်အရှည်ထားသည်။
လျှာအရှည်ထားသည်။
သံယောဇဉ်အရှည်ထားသည်။
သူရှေ့တန်းထွက်သွားချိန်မျိုး၌ လည်ပင်းပါအရှည်ထားရသည်။
ယခုသူပြန်မလာသည်မှာ ကြာပြီမို့ ကျွန်မလည်ပင်းလည်း အတော်ရှည်နေခဲ့ပြီ။
ဟုတ်ပါသည်။
သူပြန်မလာတာ ကြာပြီ။

ကျွန်မ ဖော့်ကို သိပ်ချစ်သည်။
ကျွန်မချစ်သကဲ့သို့ပင် ဖော့်ကို ချစ်သူခင်သူတွေ သိပ်ပေါ၏။
သူ့အား လက်အောက်ငယ်သားများက ချစ်ကြ၏။
အထက်အရာရှိကြီးများက ချစ်ကြ၏။
အိပ်အောက်က ဘိုနီကလည်း ချစ်၏။
မိဝါနှင့်ညီညို ကလည်း ချစ်၏။
ကျည်ဆံတွေကလည်းချစ်၏။
မိုင်းဆံတွေကလည်းချစ်၏။
ထို့ကြောင့်လည်း သူတို့ ဖော့်ဆီသို့ ပြေးလာကြခြင်းဖြစ်ကောင်းဖြစ်မည်။

"ကိုယ့်ဆီကို ပြေးဝင်လာတယ်ဆိုတဲ့ခံစားမှုက ဘယ်လောက်ထူးခြားသလဲ နွယ်ရယ်"

ဟုတ်သလား ဇော်။ ဇော် ရင်ဖွင့်ပြီးများ ကြိုခဲ့သလား။ လက်ခံနားက သစ်ရွက်အသေလေးကို ထိတ်လန့်တကြား ပုတ်ထုတ်လိုက်မိသည်။

ထိုနေ့က မိုးတွေရွာနေ၏။
တိမ်တိုက်တို့၏ အငွေ့မှ မိုးရေအဖြစ် မြေပြင်ပေါ်သို့ ရွာချသည်။
ထို့နောက် ကမ္ဘာမြေကြီး၏ ပူနွေးမှုဖြင့် သူတို့ ပြန်လည်အငွေ့ဖြစ်သွားကြလိမ့်ဦးမည်။
၄င်းမှာ ရုပ်ပြောင်းလဲမှု (Physical Change) ၏ သဘောတရားပင်ဖြစ်၏။

ကျွန်မခေါင်းထဲမှာသိနေသလို နားထဲမှာလည်း ကြားနေသည်။ ကျဆုံးသွားပြီ။ ဇော်သေသွားပြီ..တဲ့။ ပတ်ဝန်းကျင်ကပြောတိုင်း ကျွန်မ ရယ်မောမိသည်။ မဟုတ်ပါ။ ဇော်မသေပါ။ ကျွန်မဆီ ဇော်ပြန်လာမှာ။ ဇော်သေသွားခြင်းမဟုတ်ပါ။
အမှန်စင်စစ် ဇော်သည် အရိုးပြာခွက်ကလေးအဖြစ်သို့ ပြောင်းလဲသွားခြင်း ( Chemical Change ) ဖြစ်သွားခြင်းပင်။
ဟုတ်ပါသည်။
ထို့ကြောင့် ကျွန်မ ဇော်ပြန်လာမည့်နေ့ကို အရင်လိုပင် မျှော်နေဆဲ။ မျှော်နေမြဲ။
မိုးဦးစ သစ်ရွက်ကလေးလို ဖျတ်ကနဲ ပွင့်ထွက်လာမလား။ ရွက်ခြောက်လေးတွေနဲ့အတူ အပြေးဝင်လာလေမလား။
ပြန်မလာမှာသိနေလည်း ပြန်လာစေချင်သေးတဲ့ဆန္ဒဟာ အီနားရှား များလား။
ကျွန်မ နေ့တိုင်း မျှော်နေပါသည်။
သို့သော် ...
ဇော်ပြန်မလာသည်မှာလည်း .. ကြာပြီ။

**နေပိုင် ၊ ဂျူနို**

# ကျွန်တော်နှင့် ဘီစကစ်လက်ကျန်

မနက်ခင်းမိုးလင်း အိပ်ယာက အနိုးမှာ စာကြည့်စားပွဲလေးကိုကြည့်မိတယ် ။ မဆေးရသေးတဲ့ ကော်ဖီခွက် ၊ ဖုန်တက်နေတဲ့ ကီးဘုတ် ၊ ရှုပ်ပွတဲ့ ရေးရာခြစ်ရာတွေနဲ့ စာရွက်တွေရယ် ခဲတံတစ်ချောင်းရယ် ၊ ဖတ်လက်စ ဆရာမြသန်းတင့်ရဲ့ တောင်သမန်အင်းမှာလေညှင်းဆော်တော့ စာအုပ်ရယ် ၊ တချက်စီသာ ကျန်နေတော့ တဲ့ ဘီစကစ် အိတ် လေး ၂ ထုပ်ရယ် ....

စားပွဲ ခုံ အတော် ရှုပ် နေပြီ ရှင်းမှဖြစ်မယ်ဆိုတဲ့ အသိနဲ့ ဘီစကစ်အိတ်လေး ၂ ထုပ်ကို လွှင့်ပစ်ဖို့ အပြင်ကိုယူအလာ သွားတိုက်နေတဲ့ အခန်းဖော် သူငယ်ချင်းနဲ့တွေ့တယ် ။ သူငယ်ချင်းက လှမ်းပြောတယ်

"မောင်ကျောင်း ( ကျွန်တော့် နစ်ခ်နိမ်းတစ်ခု) ...မင်းက သောက်ရေခွက် ထဲမှာတင် ရေကျန်တာမဟုတ်ဘူးကွ ...မုန့်စားရင်လည်း ကျန်တာပဲ " တဲ့ ။

" အေး ...သူငယ်ချင်း " ဆိုပြီး

ကျွန်တော်သူ့ကို ပြုံးကြည့်လိုက်တယ် ... အဲဒီအခါမှာ နားမလည်မှုတွေပြည့်နေတဲ့ သူ့ မျက်လုံးတစ်စုံက ကျွန်တော့် ကို ပြန်ကြည့်နေတယ် .... ဟုတ်တယ် .... ကျွန်တော်ကြည့်ခဲ့ဖူးတဲ့ မျက်ဝန်းတွေ နဲ့ သူကျွန်တော့်ကိုကြည့်နေတယ် ....။

လွန်ခဲ့တဲ့ ၇နစ်အချိန်က....။ ရှေ့တန်းထွက်ဖို့ ကျွန်တော်ရယ် တပ်က နောင်တော်တစ်ယောက်ရယ် ဈေးဝယ်တူတူထွက်ခဲ့တယ် ။ ဈေးကိုရောက်တော့ တခြားလိုတဲ့ပစ္စည်းတွေ အားလုံး ဝယ်ပြီး နောင်တော်ကြီးက တစ်ထုပ်ကို ၆ ချပ်ပါတဲ့ ဘီစကစ်လေး ၄ ထုပ်ကိုဝယ်နေတယ် ။ ကျွန်တော် အမှတ်မထင်မေးလိုက်မိတယ်

" အကိုကြီး ဘာလုပ်ဖို့လဲ " ။

နောင်တော် က နေပြန်ဖြေတယ်

" စားဖို့ပေါ့ ကွ" တဲ့ ။

" အကိုကြီးကလည်း.... ကလေးကလား ဗျာ " ... လို့ ကျွန်တော်က ဆိုတော့ ။

" အေး..ညီလေး "

ဆိုပြီး ကျွန်တော့်ကို ပြုံးကြည့်နေတယ် ။ ကျွန်တော်လည်း ပဲ နားမလည်နိုင်တဲ့ မျက်လုံးတွေ နဲ့ သူ့ကို သိမ်းကျုံး ကြည့်ပစ်လိုက်တယ် ...။ နောင်တော် ကတော့ အေးဆေး ပြုံးရုံလေးပါပဲ... ။

ဒီလို နဲ့ စစ်ဆင်ရေးထွက်ကြ ။ ရှေ့တန်းမှာ တပ်အလုပ်တွေ လုပ်ကြ နဲ့ ကျွန်တော်တို့ တပ်တာဝန်ကျတဲ့ ၄ လတာပြည့်သွားခဲ့တယ် ။ အနေဆင်းရဲ ၊ အစားဆင်းရဲ ၊ ငှက်ဖျားမိလာတာက လွဲလို့ ကျွန်တော် တိုက်ပွဲ အတွေ့ကြုံဆိုတာ မရခဲ့ဘူး ။ ရှေ့တန်း စခန်း ကနေတပ်အကိုအပြန် လေလေးတဖြူးဖြူး နဲ့ သဘော်ာ ခေါင်းမိုးပေါ် ရောက်တော့ မှ... ကျွန်တော့် တပ်ခွဲ မှူးနောင်တော် က ဘီကစ်လေး ထုပ်လေးတွေ ဖောက်လို့ ကျွန်တော့် ကို

" ညီလေး ...ရော့ "

ဆိုပြီး ဘီစကစ် ၂ ချပ်လှမ်းပေးတယ် ။ သူနဲ့ အတူတူ တပ်ခွဲ ရုံးမှာ ပါလာတာ က ကျွန်တော်ရော ၊ သူရောအပါဝင် ၁၁ ယောက်ဆိုတော့ ဘီစကစ် ၄ ထုပ်မှာ ၂ ချပ်ပိုနေတယ် ။အိပ်လေး ကို အသာခေါက်လို့ သူ ပက်အိပ်ထဲကို ပြန်သိမ်းလိုက်တယ် ။

" အကိုကြီး ... ဒီ ဘီစကစ်တွေက ကျွန်တော်တို့ ရှေ့တန်းထွက်ခါနီးတုန်းက ဝယ်လာတဲ့ ဘီစကစ်မဟုတ်ဘူးလား .. ဘာလို့ခုမှစားတာလဲ"

ဆိုပြီး ကျွန်တော်စပ်စပ် စုစု မေးမိတယ် ။ ဘေး ဘက်ကို မျက်နှာလေး စောင်းလို့ သက်ပြင်း တချက် ရှူလိုက်တယ်....ပြီးတာနဲ့ စကားရှည်ကြီးကို ကျွန်တော့် ကို စပြောတော့တာတယ် ။

" အဲဒီ ဘီစကစ် ၄ ထုပ် ဟာ အကို နဲ့ အတူပါလာတဲ့ စစ်သည် ၁၁ ယောက်အတွက် သက်စောင့် စာ ပဲ ...ညီလေး ။ ရှေ့တန်း မှာ ထမင်းနပ် မှန်မှန်စားရပါမယ်လို့ ဘယ်သူမှ အာမ မခံ နိုင်သလို .... အဟာရပြတ်လောက်အောင် အစာရေစာ မငတ်ပါဘူးလို့လည်း ဘယ်သူ မှအာမ မခံထားဘူး .... အဲလို အခြေနေ တွေ အတွက် သက်စောင့်စာ ဆိုတာ အမြဲ ထားရတယ်ညီလေး ....ခု ကို ဝယ်လာတဲ့ ဘီစကစ် ၂ ချပ်ဟာ ... ၃ ရက် အထက် ထမင်းငတ်တဲ့ခါ ထုတ်စားဖို့ပဲ .... ဘီစကစ် ၂ ချပ် ဟာ သာမာန်ချိန်မှာ မပြောပလောက်ပေမဲ့ ... တကယ်အာဟာရပြတ်လာတဲ့ ခါ ...အဲဒီဘီစကစ် ၂ ချပ်ဟာ အသက်ဆက်ရှင် ဖို့ အာဟာရပဲညီလေး .... ရဲဘော်တွေဆရာတွေဟာ လုပ်စရာရှိရင် လုပ်မယ် ၊ တိုက်စရာရှိရင် တိုက်မယ် ... စစ်စည်းကမ်းကို ကောင်းစွာ လိုက်နာမယ်ဆိုရင် သူတို့ဟာ စစ်သားကောင်းပဲ .... စစ်ခေါင်းဆောင် လုပ်မဲ့ သူ တွေကတော့ အဲလောက်နဲ့ မလုံလောက်ဘူး .... မမျှော်မှန်းနိုင်တဲ့ အခြေနေတွေအတွက်ပါ ပြင်ဆင်ထားရမယ် .... ခု အကိုတို့ စစ်ဆင်ရေးကာလ ပြီးလို့ အကိုနဲ့ အတူ ပါလာတဲ့ စစ်သည်တွေလည်း ထမင်းမငတ်ခဲ့ လို့ ...ခု နောက်တန်း ကိုပြန်တဲ့ အချိန်မှာ ဒီမုန့် ၄ ထုပ် ကို ထုတ်ကျွေးတာ ပဲ ညီလေး "

ကျွန်တော် မျက်လုံးလေး အဝိုင်းသားနဲ့ ငေးကြည့် နေမိတယ် ။ ပြီး ကာမှ ကျွန်တော် သတိ တချက် ပြန်ဝင်လာပြီး

" ဒါဆို ... အခု အကို ကဘာလို့ ၂ ချပ် ကို ပြန်သိမ်းထားတာလဲ " လို့ ထပ် မေးမိပြန်တယ် ။

" စစ်ခေါင်းဆောင် အရာရှိ ဆိုတာ ကိုယ့်လက်အောက်ငယ်သားတွေရဲ့ နာယက ပဲ ... နာယက ဂုဏ် ခြောက်ပါးရှိတယ် .... ထကြွ ၊ နိုးကြား ၊ သနား ၊ သည်းခံ ၊ ဝေဖန် ၊ ထောက်ရှု .. ဤခြောက်ခု ...ကျင့်မှုနာယက ...တဲ့ကွ အဲဒီထဲက သည်းခံဆိုတဲ့စကားက တာအသွားဆုံးပဲ ....ချမ်းသာမှုကိုလည်း သည်းခံနိုင်ရမယ် ၊ ပင်ပန်းဆင်းရဲ မှုကိုလည်းသည်းခံနိုင်ရမယ် ၊ ဆာလောင်မှုကိုလည်း သည်းခံ နိုင်ရမယ် ၊ စားချင်စိတ်ကိုလည်းသည်းခံနိုင်ရမယ်ညီလေး ...
အခု ဒီမုန့် ၂ ခုကို အကို စားလည်းစားချင်တယ် ... စားလိုက်လို့လည်းရပါတယ် ။ ဒါပေမဲ့ အကို ကုန်အောင်မစားဘူး ... ဒီဘီစကစ် ၂ ချပ်နည်းတူ ... ဘဝမှာလိုချင်စရာတွေ ... အတောမသတ် တပ်မက်ချင်စရာတွေတွေလာရဦးမယ် .... အဲဒီအခါကျရင် ခေါင်းဆောင် လုပ်တဲ့သူဟာ မျက်နှာ လွှဲ လို့ ရဲရဲ ကြီး နေနိုင်ရမယ် ညီလေး " ။

သူ့စကား ဆုံး သွားသည်နှင့် ကျွန်တော် ပါးစပ်တွေ ဆွံ့ အသွားပါတော့တယ် ။ အဲဒီအချိန်ကစလို့ အသားရေ မွဲခြောက်ခြောက် နှင့် စစ်အဝတ်အစား က စ ဖြစ်သလို ဝတ်လေ့ ဝတ်ထရှိသော ... အနေအေးဆေးသော ကျွန်တော့ စီနီယာကို ကျွန်တော် စိတ်ထဲမှကျိတ် ပြီး လေးစားမိခဲ့ပါတော့တယ်။

" လူတစ်ယောက်ကို ပြောင်းလဲဖို့ အချိန် တစက္ကန့်ပဲ လိုတယ် ... အဲဒီစက္ကန့်လေး ကို Golden Second လို့ခေါ် တယ်" ဆိုတဲ့

ဆရာ တာရာမင်းဝေရဲ့စကားလိုပဲ ... ကျွန်တော့်ရဲ့ အသိဉာဏ်ထဲမှာ ဖြတ်ခနဲ လင်းလက်သွားခဲ့တယ် ။ အဲဒီ အချိန် က စလို့ ရေသောက်တိုင်း ခွက်ထဲမှာ ရေကျန်တဲ့ အကျင့် ၊ ထမင်းစားတိုင်း ပန်းကန်မှာ ကျန်တတ်တဲ့ အကျင့်တွေ ၊ ဘီစကစ်စားတိုင်း တချပ် တချပ် ကျန်တတ်တဲ့ ကျွန်တော့် အကျင့် တွေဟာ Second Nature လို စွဲ မြဲနေခဲ့ မိတော့တယ် ။
သြော်  ခုဆို ၇ နှစ်တောင် တိုင်ခဲ့ ပြီ ပဲ။

**ရုပ်ဆိုး**

# ဗိုလ်ချုပ်စားသော ထမင်းတစ်နပ်

မိုးတွေရွာနေတဲ့ တနေ့မှာပေါ့ ကားပေါ်မှဆင်းကာ ထီးအစုတ်ကလေးတစ်ခုကို ရဲဘော်လေးကိုထွေးက ဗိုလ်ချုပ်အားမိုးပေး၍ ဂန်ကြီးများရုံးထဲသို့ ဝင်လာခဲ့ပါသည်။ ရုံးသို့ရောက်သည်နှင့် တပြိုင်နက် စားပွဲပေါ်တွင်ပုံနေသော အလုပ်ပုံကြီးနှင့် အရေးကြီး နိုင်ငံ့တာဝန်များကို ထမ်းဆောင်နေရသည်ဖြစ်၍ နေ့လည်စာကိုပင် မွန်းလွဲနစ်နာရီထိ စားဖို့ပင် သတိမရနိုင်ပဲ ဖြစ်နေပါသည်။ မနက်ပိုင်းကလဲ စားနေကျ ပဲပြုတ်နဲ့ နံပြားလေးကို စားပြီး ရုံးတက်ခဲ့ရပါသည်။

“ဗိုလ်ချုပ် နေ့လည်ထမင်းစားဖို့ တော်တော်လေး အချိန်လွန်နေပါပြီ စားပြီးမှပဲ ဆက်လက်လုပ်ဆောင်ပါလား ဗိုလ်ချုပ်ရယ်”

ဟု မောင်နေဝင်းက စိုးရိမ်တကြီး ပြောနေရှာသည်။ ထိုကဲ့သို့ သတိပေးလိုက်မှပင် ထမင်း စားဖို့ သတိရပြီး…

“ဟေ ဟုတ်လား။ ဒါဆိုလဲ အိမ်ပြန်စားတာပေါ့။”

“အပြင်မှာ မိုးတွေ အရမ်းရွာနေပါတယ် ဗိုလ်ချုပ်။ ကျွန်တော် ဆိုင်တဆိုင်ကို တယ်လီဖုန်းဆက်ပြီး မှာပေး ပါ့မယ် ဧည့်ခန်းထဲမှာ ပဲ သုံးဆောင်လိုက်ပါလား။”

“ဆိုင်ကို မှာစားရင် ငါပိုက်ဆံကုန်မှာပေါ့။ ဒီလအတွက် ငါပြတ်တော့မယ်၊ မဖြစ်ပါဘူး အကြည် လက်ရာ လေးပဲ အိမ်ပြန်လွေးလိုက်ပါတော့မယ်ကွာ”

ဟု ပြောပြောဆိုဆိုနဲ့ ထထွက်လာခဲ့ပါသည်။ ဒီလိုနဲ့ပဲ မိုးရွာကြီးထဲ မောမောပန်းပန်းနဲ့ အိမ်ပြန်လာခဲ့ပါသည်။ အိမ်ပြန်ရောက်တော့ သားသမီး သုံး ယောက်ရဲ့ မျက်နှာလေးတွေ မြင်တော့လဲ နွမ်းခဲ့သမျှ လန်းလာပါတော့သည်။

“အကြည်ရေ၊ ထမင်းစားဖို့ ပြင်ပါဦးကွာ”

"အဆင်သင့်ပါပဲရှင်၊ ကိုအောင်သန်းလဲ ရောက်နေတယ်"

ကိုအောင်သန်းအနေနှင့် ဗိုလ်ချုပ်ထမင်းစားချိန်မှာ တိုက်တိုက်ဆိုင်ဆိုင် ရောက်နေတော့ ဗိုလ်ချုပ်စားမည့် ထမင်းဝိုင်းကို ကြည့်လိုက်မိပါသည်။ ဗိုလ်ချုပ်အနေနှင့် ဤထမင်းဝိုင်း ပြင်ဆင်ထားပုံမှာ မထူးဆန်းလှပါ။ သို့သော်လဲ ကိုအောင်သန်းအတွက်မူ တော်တော်လေးကို မှင်သက် အံ့သြမိသွားပြီး ရင်ထဲမှာ စို့ခနဲ ဖြစ်သွားကာ ဗိုလ်ချုပ်အား တော်တော်လေး သနားသွားမိကာ ပိုပြီးတော့လဲ လေးစားသွားပါတော့သည်။

ဗိုလ်ချုပ်စားမယ့် ထမင်းဝိုင်းမှာ ထမင်းတပန်းကန်နှင့် ဟင်းတစ်ခွက်သာ ပါပါသည်။ ထိုဟင်းမှာလဲ ဖွယ်ဖွယ် ရာရာ မဟုတ်၊ လက်တစ်ဆစ် မရှိတရှိ ဝက်အူချောင်းကြော်ကလေး ငါးဖတ်သာဖြစ်ပါသည်။ အချိန်ရှိသရွေ့ နိုင်ငံတာဝန် ထမ်းဆောင်နေရသည်မို့ မိသားစုနှင့် အတူနေရသည်ဆိုသည်မှာ တော်တော် လေးကို ရှားပါသည်။ ဤကဲ့သို့ ထမင်းစားချိန်တွင်သာ ဖခင်အနားကပ်ရရှာသော သားနှစ်ယောက်နှင့် သမီးလေးခမျာ တီတီတာတာနှင့် ထမင်းဝိုင်းနားတွင် ရှိနေပါသည်။ ဒီလိုနဲ့ စ စားတော့မည် ဟန်ပြင်လိုက် သည်တွင် သမီးလေး အောင်ဆန်းဆုကြည်က

"သမီးကိုတခုလောက်"

ဒီလိုနဲ့ တဖတ်ရော့သွားပြန်ပါကော။ ကဲ၊ သမီးလေးကိုကျွေးလိုက်တော့ အောင်ဆန်းလင်းကလည်း

"သားကိုလဲ ကျွေးပါဦး"

ကဲဝက်အူချောင်းလေး သုံးဖတ်သာ ကျန်ပါတော့သည်။

"သားကိုကော မကျွေးတော့ဘူးလားဖေဖေ"

ကဲ ဒီလိုဆိုတော့ နှစ်ဖတ်ပဲ ကျန်တော့တာပေါ့။
ဒီဝက်အူချောင်းလေး နှစ်ချောင်းထဲ ကျန်တော့တာတောင်

"အစ်ကို ကျွန်တော်နဲ့ အတူလက်ဆုံ နွဲသွားပါဦး လား"

တဲ့ဗျာ။ ကဲ၊ ဒါကတော့ ဗိုလ်ချုပ်ရဲ့ ထမင်းတနပ်ပါပဲ။ ကိုအောင်သန်းခများ သူ့အိမ်ပြန်ရောက်တော့ သူ့ဇနီးသည်ကို

"တို့တွေပိုက်ဆံပိုရင် ငါ့ညီအောင်ဆန်းတို့ အိမ်ကို မျှပေးလိုက်ပါဦးကွာ။ ငါ့ညီက ဒီနိုင်ငံမှာ ဘုရင်ခံပြီးရင်သူက အာဏာအရှိဆုံး ပုဂ္ဂိုလ်တယောက် ပါကွာ။ သူ့ထမင်းပိုင်းကို ကြည့်ပြီး ငါစိတ်တွေ မကောင်းလွန်းလို့ပါ"

ဟု ဆို၍ ဗိုလ်ချုပ်ထမင်းဝိုင်းကလေးကို ပြန်မြင် ယောင်ကာ ပြောပြနေရင်း မျက်ရည်ပင်ဝဲမိပါသည်။

**ကျော်စွာအောင်**

# အမေ

အပူချိန်ပြင်းပြင်းပူနေတဲ့ နေမင်းကြီးရဲ့အောက်မှာ တောရွာများကို ပြေးဆွဲနေတဲ့ လိုင်းကား အဟောင်းအိုကြီးတစ်စီး တစ်ရွာပြီး တစ်ရွာ ပြေးလွှားနေပါတယ်။ ရထားလမ်း ဆက်ကူးနိုင်သော ရွာတစ်ရွာသို့ ကားအိုကြီး ထိုးရပ်လိုက်သောအခါ အသက် ၆၀ ခန့် အဖွားအို တစ်ယောက် လက်ဆွဲအထုပ်ဟောင်းလေး ဆွဲလျှက် ကားပေါ်မှ ဆင်းလာပါတယ်။ ကားထွက်သွားသည်နှင့် ဖုန်လုံးကြီးများ ထကျန်ခဲ့ပါတော့တယ်။ မလှုပ်မယှက် ရပ်ကြည့်နေသော ရီဝေဝေ မျက်ဝန်းပိုင်ရှင်… အလက်ဇန်းဒရား။ အိုး… အရမ်းပူပြင်းတဲ့ အရပ်ဒေသပါလား… သစ်ပင်သစ်ရွက်တို့ နည်းပါးမှုကြောင့်လား ရာသီဉတုကြောင့်လား နှင့် တွေးတောနေရင်းမှ သတိဝင်လာမိပါတော့တယ် ။

'ဟေး… လူလေး အဖွားကို ကူပါအုံး..။'

လူငယ်လေး နှစ်ယောက် ကူညီဖို့လာစဉ်မှာဘဲ စစ်သားငယ်လေး နှစ်ယောက် ဖြတ်လျှောက်သွားသည်ကို အဖွားအို မြင်လိုက်သည်တွင် ...

'ရပြီလူလေးတို့ နေနေ ...ဟိုး မောင်စစ်သားတို့ အဖွားကို ကူပါအုံး…။'

စစ်သားငယ်လေး နှစ်ယောက်အပြေးတစ်ပိုင်း လာကြပါတယ် ။

'ဒီလောက်လမ်းကြမ်းထဲ အဖွားတစ်ယောက်ထဲလား ဘယ်သူ့ဆီ လာတာလဲ ဘယ်သွားမှာလဲ…'.

ဟူသောမေးခွန်းများကြားသောအခါ အဖွားအိုက

'မင်းတော်တော် စကားများတာပါလား ... ငါပြောမှာလဲ နားထောင်အုံး အမောင် ...ငါ ဗိုလ်ကြီးစားချာ ဆီ လာတာ ။'

အဖွားအိုသည် ခါးကို မတ်မတ်ရပ် ခပ်တင်းတင်း မျက်နှာအနေထားဖြင့် ပြောလိုက်ပါတယ် ။ သူမ၏ အမူယာတို့သည် ဂုဏ်ယူသော မျက်နှာထား အမူယာတို့ ဖြစ်နေ ပေသည်။

'ဟာ အဖွား ဗိုလ်ကြီးက ရှေ့တန်းအထိုင်စခန်း တစ်ခုမှာ တာဝန်ကျနေတယ်လေ အဖွားမသိဘူးလား။'

'အေး သိတယ် သူဆီတဲ့နေရာကို ငါဆက်သွားမှာ…။'

'အဖွားရယ် ခုတောင် လမ်းဒီလောက် ကြမ်းတာ အဖွားက ဆက်သွားမယ်ဆို အရမ်းပင်ပမ်းနေမှာပေါ့ ။'

'ငါ စစ်သားအမေပါ အမောင် ဒီလောက်တော့ ငါ ခံနိုင်တယ် ငါ့သားနဲ့တွေ့ဖို့ အဓိကကျတယ် … ကဲ အချိန်မရှိဘူး လာကူကြ ။'

စစ်သားလေးသည် အဖွားအိုရဲ့ အထုပ်ကို သယ် တစ်ယောက်က အဖွားအိုကို တွဲကာ အဖွားအိုသည် အတွဲမခံ…။

'ရတယ် အမောင် ငါ လျှောက်နိုင်သေးတယ် ။'

သုံးယောက်သား အမြန်လျှောက်လာရာ တောရွာ ဘူတာလေး သို့ရောက်သည်နှင့် ထိုရှေ့တန်း အထိုင်စခန်းဘက်သို့ ဆက်သွားမည့် ရထားအဟောင်းကြီးက ကြိုဆိုလျှက် ။

'ကဲ အဖွား ဒီရထားနဲ့ ဆက်လိုက်သွားရမယ် ဒီမှာ ဗိုလ်ကြီးရှိတဲ့ တပ်ကို သွားမဲ့ စစ်သားတွေ တပ်ကြပ်ကြီးတွေ ရှိတယ် သူတို့နဲ့ အတူ အဖွားလိုက်သွားပေတော့ ။'

'အေးအေး ကျေးဇူးပါ အမောင်တို့ …ဘုန်းကြီးလို့ အသက်ရှည်ပါစေ…'

အဖွားအိုမှ ဆုများတောင်းပေးနေတုန်းမှာပဲ … ။ စစ်သားငယ်က …

'ဆရာကြီး ဒီအဖွားကို ဆရာကြီးတို့နဲ့အတူ ခေါ်သွားလိုက်ပါ ။'

'ဟာ ဒီလောက်လမ်းကြမ်းတာ သူက ဘာလုပ်မှာလဲ ဘာလဲကွာ ……'

စိတ်မရှည်သော ဆရာကြီး၏ လေသံအချို့….။

'အဖွားက ဗိုလ်ကြီးစားချာ ဆီကို လိုက်မှာတဲ့ ဆရာကြီးရ ခေါ်သွားလိုက်ပါ ။'

'အေးကွာ ဒါဆိုလဲ တင်လိုက်ကြ ။' ဆွဲတင်ကြသောအခါ အဖွားအိုက …

'ရတယ် အမောင်တို့ ငါ့ဖာသာ ငါတတ်မယ်…။'

'မဟုတ်ဘူး အဖွားရ ပြုတ်ကျမှာဆိုးလို့ လုပ်ပါ အဖွားရာ ကြာပါတယ် ဆွဲတတ်လိုက်ပါ ။'

ထိုသို့ ပိုင်းပြောကြသည်တောင် အဖွားအိုက အေးဆွဲမှာဆိုလဲ ဂရုတစိုက်ဆွဲပေးကြသည်။ အဖွားအို၏ စိတ်တွင် မိမိသားအတွက် ဂုဏ်ယူမှုများ ဝမ်းသာမှုများနှင့် အပြည့်ဖြစ်နေပေလိမ့်မည် ။ အဖွားအို တံခါးပေါက်လေးနား ရပ်ကြည့်နေစဉ်မှာဘဲ ရထားက စတင်ထွက်ခွာလာပါတော့တယ် ။ မည်သူမှ အဖွားအိုကို စကားမပြောကြပါ ။ မိမိတို့ အတွေးများနှင့် စိတ်ကူးများနှင့် … ရှေ့တန်းပါလာကြသော စစ်သားတို့၏ စိတ်တွင်းခံစားမှုတို့သည် မည်သို့ မည်ပုံ ဖြစ်နေမည် တွေးနေမည် ခံစားနေမည်ကို ကျွန်တော် မထွက်ဘူးသဖြင့် အပြည့်အဝ မသိပါ ။ ခံစားမှုအရိပ်ယောင်တွေ လွမ်းဆွေးမှုတွေ ထင်ဟပ်နေတဲ့ မျက်နှာတွေကို အဖွားအို သေရှာ စိုက်ကြည့်နေရင်း သနားကြင်နာမှုတွေ ပေါ်လာပါတယ်။ အဖွားအိုရဲ့ မျက်စိထဲမှာ သူတို့လေးတွေဟာ အပြစ်ကင်းနေသလိုပဲ ။ တချို့တွေက ခေါင်းငိုက်စိုက်ချထားကြတယ် တစ်ချို့တွေက အပြင်ကို ငေးနေကြတယ် ။ တစ်ချို့တွေက အဖွားအိုကို ကြည့်နေကြတယ် ။ အဖွားအိုက သူ့ကို စိုက်ကြည့်သော စစ်သားငယ်လေးခေါင်းကို သွားကိုင်၍ သားခေါင်းက ဘာဖြစ်တာလဲ ခေါင်းမူးလို့လား ၊ နောက်တစ်ယောက်ကိုလဲ နေကောင်းလား ၊ ဗိုက်ဆာလား ၊ အဆင်ပြေလားနဲ့ အဖွားအို လိုက်လံနှုတ်ဆက်နေပါတော့တယ်။ တချို့က ပြန်ဖြေကြသလို တစ်ချို့က ပြန်လည် ဖြေကြားခြင်းမရှိ ဆက်လဲ တွေးဆဲ ဆွေးဆဲပါ ။ အဖွားအိုလဲ နေရာလွတ်လေးမှာ ဝင်ထိုင်ရင်း စစ်သားငယ်လေးတွေရဲ့ မျက်နှာကို ငေးကြည့်နေပါတော့တယ်။ ငိုက်လိုက် နိုးလိုက်နှင့် ခရီးနှင်ခဲ့တာ အလင်းရောင်တွေ ပျောက်ကွယ်၍ မှောင်မဲနေပါပြီ။ မိမိတို့ ဆင်းလိုသော နေရာသို့ ရောက်သောအခါ စစ်သားငယ်လေးများ ဆရာကြီးများနှင့်အတူ အဖွားအိုပါ ဆင်းလိုက်ကြပါတယ်။

ထိုစဉ် အရှေ့မှ ထိုးလိုက်သော မီးရောင်ကြောင့် အဖွားအို လန့်သွားပါတော့တယ် ။ အမှောင်ထဲမှာ မြင်လိုက်ရသော မီးဖွေးဖွေးများ…တင့်ကား နှစ်စီး ဖြစ်ပါတယ်။

'ကဲ အဖွာရေ ဒီကားနဲ့ ရှေ့ဆက်စီးရအုံးမယ် ... လမ်းခရီးကတော့ တွေ့တဲ့အတိုင်းပဲ ...ကဲ အဖွားလဲ တတ်ရမယ် ။'

'ဟင် ဒီကားကြီးတွေနဲ့လား ဘယ်လို ထိုင်မလဲ ....။'

'ကဲ အဖွားရေ ပြောနေရင် ကြာတယ် အချိန်မရှိဘူး တတ် တတ်' ဟူသော ပြောဆိုနေသံကြားမှာ အဖွားအိုကို စစ်သားငယ်လေး ၂ ယောက်တွဲ၍ တင့်ကားကြီးပေါ်သို့ တစ်ဆင့်ခြင်း တင်ပေးနေပါတော့တယ်။

'ဟဲ့ ဂရုတစိုက်လုပ်ကြပါ ဖြည်းဖြည်းဆွဲပါ'

နှင့် အော်နေစဉ်မှာဘဲ အဖွားအို တင့်ကားကြီးပေါ်သို့ ရောက်ရှိသွားပါတယ် ။ ကားမီးရောင်မှ မြင်လိုက်ရသော ဖုန်လုံးများနှင့် ဘေးဘီဂဲယာမှ အမှောင်ထုများမှ အပ မည်သည်ကိုမှ မမြင်ရ ။ အဖွားအို၏ လက်တို့သည် သံတိုင်သံချိတ်များသို့ မြဲမြံစွာ ဆွဲထားလျှက် ငိုက်လိုက် သတိထားလိုက် ငိုက်လိုက်နှင့် မိုးလင်းစ ပြုလာပါတော့တယ်။ သိပ်မကြာခင် မှာဘဲ သံစည်းရိုးများ ငုတ်တိုင်ကြီးများနှင့် သွားလိုသော စခန်းမြေသို့ ရောက်ရှိလာပါတော့တယ်။

'ကဲ အဖွားရောက်ပြီ ကျွန်တော့်ကို တွဲဆင်းပါ။'

အောက်သို့ရောက်သည်နှင့် အဖွားအိုအား အရာရှိရှက်ဖျင်တဲလေးဘက်သို့ ခေါ်ဆောင်ခဲ့ပါတယ်။

'အဖွားရေ… ဒီမှာ ဗိုလ်ကြီးစားချာရဲ့ နေရာပဲ အဖွားဒီမှာနေ ။'

'ဟေ ငါ့သားကြီး ဗိုလ်ကြီးစားချာ ကကော သူ က ဘယ်မှာလဲ'

'သူမရှိသေးဘူး အဖွားမနက်မှ ပြန်ရောက်မယ် ။ ကဲ အဖွားနားလိုက်အုံး ဒီကုတင်မှာ အိပ်နေနော် သွားပြီ အဖွားရေ လုပ်စရာတွေ ရှိသေးလို့ နောက်မှ ဆုံမယ် ...'

ဟု ပြောပြီး ဆရာကြီး ထွက်ခွာသွားပါတယ် ။ အဖွားအိုလဲ ဟိုကြည့် ဒီကြည့်နှင့် ပိုးတဂါးမို့ သဲသဲကွဲကွဲ မမြင်ရဘဲ အိပ်စက်လိုက်ပါတယ် ။ အိပ်ယာ နိုးသည်နှင့် အဖွားအို ထ၍အပေါက်ငယ်လေးမှ အပြင်သို့ ကြည့်နေစဉ်မှာ လန့်နိုးလာသော ဗိုလ်ကြီးစားချာ မိခင်၏ကြောပြင်ကို ကြည့်၍ ပျော်ရွှင်မှု ကျေနပ်မှု ဂမ်းသာမှု နှစ်လိုမှု များစွာ နှင့် စိုက်ငေးကြည့်နေလေသည် ။ သို့သော် အဖွားအို မသိသေးချေ။ စားချာလဲ မပြောဘဲ ပြုံးမြဲ ပြုံးဆဲ ... အဖွားအို ဆက်ကနဲ လည့်အကြည့် .........

'အား စားချာ သား'

ဟု အော်ရင်း စားချာဆီ အပြေးတပိုင်းလာခဲ့ပါတော့တယ်.။ သားမိနှစ်ယောက် ပြေးဖက်ကြရင်း အော်ဟစ်ရင်း…။

'ငါ့သားကြီးက အရပ်ကြီး ပိုမြင့်လာတယ် ခန့်တယ် ယောကျ်ားပီသတယ်'

နှင့် သားကို အမွှန်းတင်နေသော အမေရဲ့ စကားသံများနှင့် နံနက်ခင်းဟာ ပို လှနေပါတော့တယ်။

'သား မင်း ပေပွနေတာပါလားကွ မုတ်ဆိတ်တွေကော အဂတ်တွေလဲ ပေကျံနေပါလား ငါ့သား သန့်ရှင်းရေးလုပ်အုံး မုတ်ဆိတ်တွေလဲ သွားရိတ် ပြီးရင် အမေတို့ စကားတွေအများကြီး တဂကြီးပြောကြမယ် သွား သွား မြန်မြန်သွားလုပ် ။'

စားချာ ပြေးထွက်သွားပါတော့တယ်။ ပြန်လာသည် နှင့် သားရဲ့လှုပ်ရှားမှုတွေကို ကြည့်ရင်း ပီတိအပြုံးများနှင့် မိခင်အိုရဲ့ မျက်နှာ….၊

'ငါ့သား မင်းကြောပြင်ကြီး ကြီးလာတယ် ပိန်လဲမသွားဘူး ကြည့်ကောင်းတယ် ဘာတယ် ညာတယ်'

သားကို လိုက်ကြည့်ပြောနေသော အမေ့စကားသံ….။

'အမေအကုန်ပြီးပြီ အမေ လာလမ်းလျှောက်ရင်း စကားပြောကြမယ် ။'

သားမိနှစ်ယောက် လက်ခြင်းချိတ်၍ ဖုန်လမ်းလေးအတိုင်း လျှောက်နေရင်း

'အမေ့လမ်းမှာ တအားပင်ပန်းခဲ့မှာပေါ့နော် ။'

'ရပါတယ် သားရယ် ငါ့သားနဲ့တွေ့ဖို့လာရတာပဲ မပင်ပန်းပါဘူး ခုအမေ့သားကြီးမျက်နှာလဲ မြင်လိုက်ရော ပင်ပန်းတာတွေ ပျောက်ကုန်ပါပြီး သားရယ်။'

ပြေးလွှားလှုပ်ရှားနေသော သူများ ပစ္စည်းများ သယ်နေသော သူများ အော်ဟစ်ကြိမ်းမောင်းသံများ နှင့် စစ်တပ်သဘာဂတို့နှင့်….။

'ကဲအမေ ဒါ သားတို့ စစ်သား ဘဂတွေပါပဲ အမေလဲ သိသင့်သလောက်သိမယ် ကြားဖူးမယ် ခုတော့ လက်တွေ့မြင်ပြီမလားအမေ ဘယ်လိုလဲ အမေ… အမေ ကျေနပ်ရဲ့လား ...။'

သားရဲ့ လက်ကိုချိတ်ထားရင်း သားရဲ့ မျက်နှာကို မော့ကြည့်ပြီး

'ကျေနပ်တယ် သား ။ ဒါမှ အမေ့သားဘဲ နိုင်ငံရဲ့သားဘဲ အားလုံးရဲ့သားဘဲ အမေကျေနပ်ပါတယ်သား ငါ့သားတို့ ဟာ လူတော်တွေပါ….။ ဟောဟိုက ဘာလုပ်နေတာလဲ သား'

'အဲဒါ သေနတ်ကို သန့်ရှင်းရေးလုပ်နေတာ အမေ လိုအပ်တာတွေ ပြင်ဆင်နေတာပေါ့ ရှေ့တန်းမှာ အဆင်ပြေအောင်လို့ လုပ်နေရတာ အမေ ။'

'အေးကွယ် အမေကြည့်ချင်တယ် ...။'

'ဟာ အမေကလဲ အဲဒါ အဓိက မကျပါဘူး။'

'အမေ့အတွက်တော့ အဓိကကျတယ်သား ငါ့သားတစ်ယောက်လုံး စစ်တပ်မှာ ရှိတာ သေနတ်တွေကို မြင်ဘူး သင့်တယ် သိသင့်တယ်လို့ အမေထင်တယ် လာပါ သားရယ် အမေ့ကို လိုက်ပြပါ…။'

စစ်သားငယ်လေးများ သေနတ်များကို တိုက်ချွတ်နေကြတယ် ဆီများထိုးနေကြသည်ကို ပြုံးပြုံးကြီးနဲ့ အဖွားအို ကြည့်နေလေရဲ့ ။ ထိုစစ်သားငယ်လေးများကိုလည်း လိုက်လံ မိတ်ဆက်စကားတွေ ပြောနေရှာ၏။ စစ်သားငယ်လေးများလဲ ဂမ်းသာနေကြပါတယ်။ မိခင်ကို အလွမ်းပြေစိတ် သတိရစိတ် ဒီလိုနေရာမျိုးမှာ ကိုယ့်မိခင်အရွယ်ကို တွေ့ရသောစိတ်တွေနှင့် ပျော်နေကြပါတယ်။

'ဟိုး ရှေ့က ဘာတဲလေးတွေလဲ သား ...။'

'အဲဒါ စားဖို တဲလေးတွေ အမေ လာလာ အဲဘက်ကို လိုက်ပြမယ်။'

'မင်္လာပါ သားတို့...' အဖွားအို၏ နတ်ဆက်သံ ။

အဖွားနေကောင်းလား အဆင်ပြေလား ဘာစားချင်လဲ ဟူသော အသံများစွာနှင့် အဖွားအို၏ လမ်းခရီးကြမ်းတမ်းမှုများကို မေ့လျော့ပြီး အဆင်ပြေတယ် နေကောင်းတယ်နဲ့ ဆူညံသွားပါတော့တယ် ။

'ကဲ အမေ ပြန်နားကြမယ်..။ အမေက ကြည့်ချင်သေးတယ်သားရယ်..။'

'နောက်ရက်တွေမှ ဆက်ကြည့်ပါ အမေလည်း ပင်ပန်းလာတာနဲ့ လာပါ နားလိုက်ပါအုံး…။'

အတင်းဆွဲခေါ်လာရပါတယ်။ အိပ်ဆောင်တဲလေးထဲ ရောက်ရှိသည်နှင့် အဖွားအို မျက်လုံးတို့သည် သား၏ ခါးမှာထိုးထားတဲ့ သေနတ်တိုဆီ ရောက်နေလေသည် ။ သား ကလဲ မိခင်၏ အကြည့်တို့ကို နားလည်သည့်ဟန်ဖြင့် ...

'အမေက သားသေနတ်ကို ကိုင်ကြည့်ချင်နေတာလား ... လေးတယ်နော် အမေ ...'

ဟုပြောပြီး သေနတ်ကို ထုတ်ပေးလိုက်ပါတော့တယ်။

'သား ... အမေ့ကို ပစ်နည်းတွေ ပြပေးပါလား သား ကျည်ဆံတော့ မပါစေနဲ့ပေါ့ ။'

'ဟုတ်ကဲ့အမေ ။ ကဲ အမေ ဒီကနေ ရှေ့ကိုကြည့် မျက်လုံးတစ်ဖက်ကို ပိတ်ထား ...ချိန်မှတ် ရရင် လက်ညိုး လက်ကိုငြိမ်ငြိမ်ထား ဒါဆို ပစ်လို့ရပြီ။'

မိခင်လဲ သားပြောတဲ့အတိုင်း မျက်လုံးတို့ လက်တို့နှင့် အလုပ်ရှုပ်သွားပါတယ်။ သေနတ်ကိုချ၍ သားအား ပွေ့ဖက်ထားပါ တော့တယ် ။

'ငါ့သား မင်းဘယ်တော့များ အိမ်ထောင်ပြုမယ် စိတ်ကူးထားလဲ… ရှာလို့ကော တွေ့ပြီလား ...အမေ့မှာ အထီးကျန်တယ်သားရယ် ငါ့သားနဲ့လည်း ခွဲနေရတယ် တစ်ခုခုဆို အမေ့မှာ တစ်ယောက်တည်း ဖြေရှင်းရတယ် ... အကူညီလိုရင်လဲ ကိုယ့်သွေးသားလောက် ဘယ်သူကောင်းမလဲ သားရယ် ထိတ်လန့်မှုဖြစ်တဲ့ ညတွေ ဆိုလဲ အမေတစ်ယောက်ထဲပဲ သားရယ် ကောင်းကင်ကြီးကို ကြည့်ပြီး ငါ့သားရှိမဲ့ အရပ်ကို မှန်းဆနေခဲ့ရတဲ့ ညတွေ များပါပြီသားရယ် အမေနဲ့အတူ နေမပေးနိုင်ဘူးလား သားရယ် ... အမေ့ကို မသနားဘူးလား ။'

အဖွားအို စကားတွေ ပြောရင်းနှင့် တသွင်သွင် စီးဆင်းနေသောမျက်ရည်တို့သည် သားငယ်း၏ ပုခုံးထက်သို့ စိုစွတ်လာပါတော့တယ်။ သားငယ် ဆို့နစ်ကြေကွဲမှုများနှင့် မိခင်အား တင်းကြပ်စွာ ဖက်ထားပါတော့တယ် ။

'အမေရယ် အချိန်တန်တော့ အမေလိုချင်တဲ့ မိသားစု ဘဂ ဖြစ်လာမှာပါ။ ခုတော့ သားမလုပ်ပေးနိုင်သေးတာ ခွင့်လွှတ်ပါ အမေရယ် ။ သားတို့မှာ တာဂန်တွေကိုယ်စီနဲ့ ရုန်းကန်နေရတယ် အမေ ။ ဘဂတွေက မသာယာဘူး ...လိုချင်တဲ့ ပုံစံကို ပုံဖော်နိုင်တဲ့ ဘဂတွေ မဟုတ်သေးဘူး အမေ ...အမေနားလည်ပေးပါ သားတို့လုပ်နေရတာလည်းအားလုံးအတွက်ပါ အားလုံး ငြိမ်းချမ်းသာယာပြီဆို အမေ့ဆန္ဒတွေ ပြည့်ရပါစေမယ် ... အမေ နားလည်ပေးပါနော် အမေ့ကို သားသိပ်ချစ်ပါတယ် အမေဘယ်လို ခံစားနေရမယ်ဆိုတာ သားခံစားပေးလို့ ရပါတယ်

အမေ။ သားအတွေးတွေမှာလဲ အမေအမြဲရှိနေပါတယ် ။ သားရဲ့ အခက်ခဲတွေကို အမေရဲ့ မေတ္တာဓါတ်တွေနဲ့ ဖြေရှင်း ပေးနေမယ်ဆိုတာလဲ သားအတွေးက အလိုလို သိနေပါတယ်အမေ သားအရမ်း ခက်ခဲကြမ်းတမ်းနေရင် အမေ့ကို သားတမ်းတလိုက်ပါတယ် ...သားမှာ အားအင်တွေ ဖြစ်လာတယ် အောင်မြင်လာတယ်အမေ ............အမေ့ကို သားအရမ်းချစ်တယ် အမေရယ် ...။’

အမေအိုရဲ့ နဖူးပြင်ကို ဖွဖွလေး နမ်းနေပါတော့တယ် ။

‘လာပါအမေရယ် ခု တွေ့နေရတာပဲ သားလဲ ကျန်းမာနေတာပဲ ကြည့်စမ်းပါအုံး အမေ့သား ဘယ်လောက်ထွားလာလဲ ဘယ်လောက် ခန့်ညားနေလဲ အမေ သေချာကြည့်ပါအုံးအမေရဲ့ ....။’

မိခင်အိုအား စိတ်ပြေလက်ပျောက်ဖြစ်စေအောင် အတွေးတို့ကို လွှဲယူလိုက်ပါတယ် ။ မျက်ရည်စများကို သုတ်ရင်း…

‘ဟုတ်တာပေါ့သားရယ် ငါ့သားက ယောကျ်ား အရင့်မာကြီးကိုဖြစ်နေပါပြီ ဒါပေမဲ့သားရယ် အမေ့မျက်စိထဲမှာ အမေ့ရင်ကို ခေါင်းနဲ့ဝေ့ပြီး လိုချင်တာတွေ ပူဆာနေတဲ့ ကလေးလေးလိုပါပဲ ငါ့သားရဲ့ အပြုံးတို့ဟာလဲ အပြစ်ကင်းစင်ဆဲပါ ကလေးလေးပါသားရယ် အမေ့ရဲ့ ကလေးလေးပါပဲ သားရယ် ... ။’

ငိုလိုက် ပြောလိုက် နမ်းလိုက်နှင့် အဖွားအို ဂမ်းနဲ ဂမ်းသာမှုများနှင့် ...။

‘ဒီမှာလေ သား… သားကြိုက်တတ်တဲ့ မုန့်တွေ ယိုတွေ အမေယူလာတယ် သားရဲ့ အမေ့ရှေ့မှ အားရပါးရ စားပြပါအုံး။’

‘ဟာ သိပ်ကြိုက်တာပေါ့ အမေရာ သား စားပြမယ် သားလဲ စားချင်နေတာနဲ့ အတော်ပဲ အမေ။’

မိခင်စိတ်ချမ်းသာအောင် စားပြ နေပါတော့တယ် ။

'တွေ့လားအမေ သား စားနိုင်တယ်နော် အမေ့ကို ကျေးဇူးတင်ပါတယ် အမေ ။ အမေစိတ်ချမ်းသာတယ်မလား သား အကုန်စားပစ်လိုက်မှာနော် ..။ အမေလဲ စားဦးလေ သား ခွံ့ကျွေးမယ်နော် ပါးစပ် ဟ အကျယ်ကြီးဟ အများကြီးစားရမယ်နော် ။'

မိခင် စိတ်ပြေအောင် ဟာသနှော ပြောပေးနေသော သား ...။ စားသောက်ပြီးသည်နှင့် ...

'ကဲ အမေ သား လုပ်စရာတွေ ရှိသေးတယ် သားသွားလိုက်အုံးမယ် အမေနားနေနော် ပျော်အောင်နေ သားနဲ့ တွေ့နေတုန်းလေးမှာ စိတ်ညစ် စရာတွေ မတွေးနေနဲ့ …. သားသွားပြီ အမေ ။'

သားရဲ့ ကျောပြင်ကို ငေးကြည့်ရင် မျက်ရည်တို့သည်လည်း စီးဆင်းမြဲ စီးဆင်းလျှက်ပါ။

ဒီလို သားမိနှစ်ယောက် စကားပြောလိုက် အလွမ်းသည်လိုက်နှင့် ၃ ရက်ဆိုသောရက်ကို ကျော်လွန်၍ ၄ ရက်မြောက်လာပါတော့သည်။ သားရဲ့ လေးလံသော ခြေလှမ်းတို့ မိမိရှိရာ ဦးတည်လာနေသည်ကို ကြည့်ရင်း ဘယ်လိုတွေ ဖြစ်လာတော့မယ်ဆိုတာ ကြိုတင်သိသော မိခင်။ အတွေးများ မပျက်ခင်မှာဘဲ အနီးနားမှ ထွက်ပေါ်လာသော စကားသံ ...

'အမေ နေကောင်းရဲ့လား ။'

မိခင်နေကောင်းမှန်းသိပါလျှက် ကောင်းမွန်သော စကားဦးနှင့် စတင်လိုက်ရပါတော့တယ်။

'ကောင်းတယ်လေ သားရဲ့ သားမှာ ပြောစရာရှိနေတာ အမေက သိတယ်သားရဲ့ ပြောပြော အမေ ဘာမှ မဖြစ်ဘူး ပြောပါ။'

'ဟုတ်တယ် အမေ ပြောစရာ ရှိလာပြီ သားတို့ မနက်ဖြန် ရှေ့တန်း ထွက်ရတော့မယ် အမေ။ ဘယ်လောက်ကြာမယ်ဆိုတာ သားတို့ကိုယ်တိုင်လဲ မသိဘူး အမေ။ အမေပြန်ဖို့လည်း ပြင်ဆင်ပါတော့ ။'

ထိုစကားများ ပြောလိုက်ပြီးသည်နှင့် တဲလေးရဲ့ ပြတင်းကို လက်ထောက်ပြီး အပြင်ကို ရီဝေစွာ ကြည့်နေပါတော့တယ် ။ သားရဲ့ ခါးကို ဖတ် ကြောပြင်ကို ပါးအပ်လို့ တုန်ရီစွာ ထွက်ပေါ်လာတော့ မိခင်အိုရဲ့ အသံ ...

'ဟုတ်တာပေါ့ ငါ့သားကြီးရ စစ်သားရှေ့တန်းထွက်တာ အဆန်းမှ မဟုတ်တာ အမေနားလည်တယ်လေ သွား သွား ငါ့သား ... အမေ့အတွက် စိတ်အေးအေးထား အမေလည်း ပြန်မယ်လေသား ...အမေလဲ နေကောင်းတယ် ... ငါ့သားသာ ကျန်းမာရေး ဂရုစိုက် ဘုရားတရားမမေ့နဲ့ သားလက်အောက်က ကလေးတွေလဲ ကိုယ့်ညီရင်းလေးတွေလို ဂရုစိုက်ပါသားရယ် သူတို့က ငယ်သေးတယ်လေ ...အမေ့ မျက်စိထဲမှာတော့ ကလေးလေးတွေပါပဲ သားရယ် သူတို့လေးတွေကိုလဲ သေချာ ပြောပြနော် သား။ ကဲ အမေလဲ အထုပ်တွေ ပြင်တော့မယ်နော် သား ...။'

ပြောပြောဆိုဆိုရင် တုန်ရီနေသောလက်အစုံတို့က ပစ္စည်းအတိုအစများ ထုပ်ပိုး သိမ်းဆည်းနေပါတော့တယ်။ မိခင်ကို လှည့်မကြည့်ဘဲ အပြင်ကိုသာ ငေးမြဲ ငေးနေပါတယ် ။ ထိုနေ့ညစာကို သားမိနှစ်ယောက် ခက်ခဲစွာ စားသုံးခဲ့ ကြပါတယ်။ တစ်ဦးကို တစ်ဦးလဲ စကားမပြောဘဲ တိတ်ဆိတ်နေပါတော့တယ်။ ကိုယ်စီ ကိုယ်စီ အတွေးများနှင့် အိပ်ယာဝင်လိုက်ကြပါတယ် ။ အာရုဏ်ဦး မှောင်ရီစမှာ ဆူညံသံတွေကြောင့် မိခင်အို နိုးလာပါတော့တယ် ။ ချက်ချင်း ရှာခနဲ လှည့်ကြည့်မိတာကတော့ သားရဲ့ ကုတင်ဆီသို့ ...။ သူမ သိလိုက်ပါပြီ ရှေ့တန်းထွက်ရန် ပြင်ဆင်နေကြပါပြီ ။ အဖွားအို ချက်ချင်း ကုတင်က ထလိုက်စဉ်ပင် သား ပြန်ဝင်လာသည်ကို မြင်လိုက်ပါတယ် ။

'ဟော အမေနိုးပြီလား အမေ နေကောင်းတယ်နော် အိပ်ရေးကော ဝ ရဲ့လား အမေ ...။'

သိပြီးသော အကြောင်းရာတွေ ညက အိပ်မပျော်ကြသည်ကိုလဲ သိပါလျှက်နှင့် မိခင်ကို စကားကောင်းတွေ ပြောပေးနေသော သား ရဲ့ မျက်နှာကို စိုက်လို့ ကြည့်နေ မိပါတယ်။

'အမေလုပ်လုပ် မျက်နှာသစ် အလှပြင်လေ အမေရ ...ငါ့အမေကတော့ အမြဲတမ်းလှ နေတာပါပဲ ။ လာလာ သား အမေ့ဆံပင်တွေ ရှင်းပေးမယ် ။'

မိခင်ကလဲ အလိုက်သင့် နေပေးပါတယ် မည်သို့သော စကားမျှ မပြောဘဲ သားအလိုတိုင်းလိုက်လုပ်ပေးနေပါတယ်။ မိခင်ရဲ့ဆံနွယ်စတွေကို ဘီးလေးနဲ့ ယုယစွာ ဖြီးပေးနေရင် ဆံနွယ်စလေးတွေကို နမ်းရှိုက်နေပါတယ်။ ဆံပင်တွေ ရှင်းပေးပြီး မိခင်ကို နောက်က သိုင်းဖတ်ထားမိပြန်ပါတယ် ။ မိခင်ကတော့ ငြိမ်သက်လျှက်ပါပဲ။ သားရဲ့ လက်တွေကို စုတ်ကိုင်ထားပါတယ်။

'ကဲ သား ...သားတို့ ရှေ့တန်းထွက်ဖို့ ပြင်ဆင်နေကြတယ် မလား ပစ္စည်းတွေ မကျန်စေနဲ့ သေချာလုပ် ... သား သွားလုပ်တော့ အမေလဲ ဒီမနက်ဘဲ ပြန်မယ် ကဲ သွားသွား လုပ်ချေတော့။'

အမေရဲ့ ခွင့်ပြုသံနှင့်အတူ စားချာလဲ ထွက်ခွာသွားပါတော့တယ် ။ သားထွက်သွားသည်နဲ့ တဲလေးထဲကထွက်ပြီး ရှေ့တန်းထွက်ရန် ပြင်ဆင်နေသော စစ်သားများရဲ့ လှုပ်ရှားမှုတွေကို လိုက်ကြည့်နေပါတယ် ။ အော်ကြ ဟစ်ကြ ၊ ပြေးလိုက် လွှားလိုက် မြင်ကွင်းမျိုးစုံကို ကြည့်နေပါတယ်။ သိပ်မကြာသော အချိန်အတွင်းမှာဘဲ ထွက်ခွာရန် အားလုံး အဆင်သင့်ဖြစ်နေပါပြီ။ မိခင် စိတ်ကောင်းမည်ကို သိသဖြင့် နှုတ်မဆက်ဘဲ ထွက်ခွာတော့မည်ဟု ဆုံးဖြတ်၍ မိခင်ရှိရာကို ကြောပေးထားပြီး ကားပေါ်တတ်နေရာ ယူထားလိုက်ပါတော့တယ် ။ သို့သော် ထိုသူသည် မိမိ၏ သားဖြစ်သည်ကို ချက်ချင်းသိလိုက်သူက မိခင်အို ...။ အပြေးတစ်ပိုင်းလေးနဲ့ ကားနားသို့အရောက် သွားလိုက်ပါတယ် ။ မိမိ၏ မိခင် ရောက်လာသည်ကို လည့်မကြည့်ဘဲ သိနေသူကလည်း

'သား……။ သား အမေ့အတွက် စိတ်မပူနဲ့နော် သား စိတ်ဖြောင့်ဖြောင့်သွား… ဘုရားတရားမမေ့နဲ့ ကျန်းမာရေး ဂရုစိုက် ....'

ဟူသော စကားများ မပြတ်တမ်း ပြောနေလေသည် ။ သား သည်လဲ ရှေ့ကိုသာ ကြည့်မြဲ ကြည့်မြဲနေပါတော့တယ်။ သို့သော မိခင်၏ တစ်ဖွဖွ ပြောနေသော စကားတွေကြောင့် ထိန်းထားသော စိတ်တို့သည် ဘယ်လိုမှ ထိန်းမရသည့်အဆုံး ကားပေါ်မှ ခုန်ချလာပါတော့တယ်။ မိခင်ကို မျက်ရည်တွေ သုတ်ပေးရင် ပွေ့ဖက်လိုက်ပါတယ်။

‘အမေ့ကိုယ် အမေသာ နေကောင်းအောင်နေနော် သားအတွက် မပူနဲ့ သားက စစ်သားပါအမေရ သားအလုပ်တွေကို သားနားလည်တယ် အမေ မပူနဲ့နော် သားနေလည်းကောင်းတယ် အချိန်တန်ရင် ပြန်လာမယ်နော် အမေ…သားနားမှာ အမေအမြဲတမ်းရှိနေတယ် အမေ …သားဘာမှမဖြစ်ဘူး အမေ…။’

သားရဲ့စကားသံ တို့အောက်မှာ ခေါင်းကို တသွင်သွင် ငုံ့နေမိပါတယ်။ မျက်ရည်တို့သည် စီးဆင်းမြဲ စီးဆင်းဆဲပါ ။

‘အေးပါသားရယ် အမေ့နားမှာလဲ သားအမြဲရှိပါတယ် … အမေ့ရဲ့ မေတ္တာဓါတ်တို့နဲ့ ငါ့သားပေါ် ကျရောက်လာမယ့် အန္တရယ်တို့သည်လည်း အဝေးကို လွင့်စင်ကုန်မှာပါသားရယ် …နေကောင်း ကျန်းမာအောင်နော် အစစ အရာရာ ဂရုစိုက်ပါသား …ကဲကဲ သွားတော့သား အမေ့တွက် မပူနေနဲ့ …။’

မိခင်၏ စကားအဆုံးမှာဘဲ ဒူးတုတ်ထိုင်ချလိုက်ပြီး လက်စုံမိုးလို့ မိခင်ရဲ့ ခြေဖမို့ပြင်ကို နဖူးနဲ့ အသာယာထိခါ ရှင်ခိုး ဦးတိုက်ပါတော့တယ်။ ကားစက်နိုးသံနှင့်အတူ သားငယ် ထရပ်လိုက်သည်တွင် မိခင်အိုကြီး ဆက်ခနဲ တုန်ယင်သွားမိပါတော့တယ် ။ သို့သော် မိမိ၏သား သိသွားမည် စိုးရိမ်သဖြင့် တဒင်္ဂ အတွင်းမှာဘဲ တည်ငြိမ်ရင့်ကျက်သော အသွင်နှင့် …မိခင်အို။ စားချာလဲ အင်္ကျီ အတွင်းမှ picket ဦးထုပ်လေးကို နှိုက်ယူ၍ ဦးထုပ်ခြင်းလဲဆောင်းလိုက်ပြီး မိခင်အား ပြုံးပြလေသည် ။ ထို့နောက် ပြန်လည် ချွတ်လိုက်ပြီး picket ဦးထုပ်လေးအား နမ်းလိုက်ပြန်သည်။ ဦးထုပ်လေးကို ယူ၍ မိခင်အား ဆောင်းပေးပြီး….

‘အမေ့အတွက် သားပိုင်တဲ့ သားရဲ့ လက်ဆောင်ပါ အမေ ။’

မိခင်လဲ ဦးထုပ်လေးကို ကိုင်ထားလျှက်… ‘ကျေးဇူးပါပဲ ငါ့သားရယ် အမေသိမ်းထားပါ့မယ်…ကဲ သားကြီး သွားတော့ နောက်ကျလိမ့်မယ် ။’

မိခင်၏ စကားအဆုံး ချက်ခြင်း ကားပေါ်သို့ တတ်သွားပါ တော့တယ်။ ကားတန်းကြီး ထွက်သွားသည်ကို မလှုပ်မရှက် ရပ်ကြည့်နေသည့် မိခင်အို… အလိပ်လိပ် ထွက်နေသော ဖုန်လုံးကြီးများနှင့်… တသွင်သွင်စီးဆင်းနေသော မျက်ရည်စများနှင့် ဆူညံသံတွေ တိတ်ဆိတ်

သွားသည်အထိ ရပ်နေမိသည့် မိခင်အိုနှင့် ရှေ့တန်းစစ်မြေပြင်မှ သားတို့သည် မည်သည့်အချိန်များမှ ပြန်လည် ဆုံဆည်းနိုင်မည်ကို ဘုရားရှင်မှ လွဲ၍ မည်သူမျှ…

**ရှင်းသန့်**



# မျက်ရည်စိုတို့ တိတ်ပါစေ

စစ်တပ်အသိုင်းအဝိုင်းမရှိပဲ ကြီးပြင်းလာခဲ့ရတဲ့ ကျွန်မအတွက် စစ်နဲ့ပက်သက်တဲ့ မိသားစုတစ်ခုဆိုပြီး လက်ညှိုးထိုးပြစရာ အဘွားရဲ့ညီမ အဘွားလေးမိသားစုတစ်ခု ရှိနေတာက ဝမ်းသာစရာတစ်ခု ဖြစ်နေပါပဲ....စစ်တပအကြောင်းကို သိပ်မသိခင် ဟိုးစဉ်အချိန်တုန်းထဲက အဘွားလေးရဲ့ ကျဆုံးလေပြီးတာကြာပြီဖြစ်သော သူ့ခင်ပွန်းအကြောင်းပြောပြတိုင်း ငြိမ်သက်နားထောင်နေခဲ့မိတဲ့ နားထောင်ကောင်းတဲ့ပုံပြင်မဟုတ်တဲ့ အဖြစ်မှန်တစ်ခုကို ရေးပြချင်နေမိတယ်။

ကျွန်မတို့မမွေးသေးတဲ့ အတိတ်ကာလတစ်ခုဆီက အဘွားလေးရဲ့ စစ်ဗိုလ်နဲ့လက်ထပ်ပွဲကို မမြင်ဖူးလိုက်မှုပါဘူး။ အဘိုးလေးဟာဘယ်လိုပုံစံမျိုးဆိုတာကို ခပ်ရေးရေးသာထင်တော့တဲ့ ဓါတ်ပုံတစ်ခုကိုကြည့်မှ ဪဒါ ကျွန်မအဖိုးလေးပါလားလို့ မြင်ယောင်ရတယ်။ ပခုံးပေါ်ကအပွင့်တွေနဲ့အတူ ခပ်တည်တည် အပြုံးတစ်ခုကိုနှုတ်ခမ်းထက်တင်လို့ ပြုံးနေခဲ့တဲ့ အဘိုးလေးကိုကြည့်ပြီး တိတ်တဆိတ်လေးစားခဲ့မိတယ်။

အစချိန်ထိမအေးချမ်းသေးတဲ့ ကချင်ပြည်နယ်ဘက်ကို ဟိုစဉ်အချိန်တုန်းက ဒီလိုအဖြစ်အပျက်တွေ ရှိခဲ့မယ်လို့ ဘယ်သူထင်မှာလဲ။ အဝေးကလှမ်းပစ်လိုက်တဲ့ စနိုက်ပါကျည်ဆန်တစ်တောင့်မှာလည်း ကျွန်မအဖိုးလေးကိုမှ ထိမှန်သွားလိမ့်မယ်လို့ ဘယ်သူထင်မှာလဲ။ အာရုံကြောထဲကို နင့်ခနဲ.. အဖိုးလေးခမျာ ဆေးရုံပေါ်မှာ သေလုနဲ့မျောပြား ပိုက်ပေါင်းများစွာ ဆေးတွေရဲ့အကူအညီနဲ့ ဆက်ပြီးအသက်ရှင်နေခဲ့။ အဘိုးလေး.. အဘိုးလေး··· ။ အဘိုးလေးဟာ ဇနီးရဲ့ခွင့်ပြုချက်နဲ့ လွတ်ငြိမ်းချမ်းသာခွင့်ရသွားခဲ့တဲ့နောက်ဆုံး။

လူမမည်ကလေးနှစ်ယောက်ကို လက်တွဲပြီး ဘဝကို ဆက်လျှောက်နေရတဲ့အဘွားလေးကို သတ္တိတွေ ဘယ်သူကများ လာပေးထားသလဲ။ ဒါမှမဟုတ် ဘယ်သူကများ ချန်ရစ်ခဲ့သလဲ။ အောင်ပွဲဆင်အပြန်လမ်းမှာ ကျည်တစ်တောင့်ရဲ့ လုပ်ကြံမှုကိုခံလိုက်ရတဲ့ အဘိုးလေးအကြောင်းက အဘွားလေးကို သတ္တိတွေ မွေးဖွားပေးပါသလား။ ကျွန်မကိုယ်တိုင် သိပ်သိချင်မိသည်။ ပြန်ပြောတိုင်း ပီတိတွေနဲ့ရရှင်နေခဲ့တဲ့ အဘွားလေးရဲ့အပြုံးတောက်တောက်တွေကို မေ့မရခင်

စစ်သားတစ်ယောက်ရဲ့ မိန်းမဖြစ်တဲ့အဘွားလေးကို မပြုံးစတတ်ခဲ့တဲ့ နှစ်သိမ့်အပြုံးကို ပြန်လည်ပြုံးပြနေခဲ့မိတယ်။

အဘိုးလေးသည် သူ့ဆီကိုတည့်တည့်မတ်မတ်ဝင်လာခဲ့သော ကျည်ဆံတို့ကို ခေါင်းခါပြခဲ့ပါသလား ဘယ်သူမှမသိလိုက်တဲ့ ရင်ထဲကတိတ်တဆိတ်ငိုကြွေးသံတွေကို အခု ကျွန်မ ကြားနေရတယ်။ အရင်တုန်းက အဘွားလေးရဲ့ငိုကြွေးသံတွေကို ကျွန်မ ကြားနေရတယ်။ ဒါဟာကျဆုံးလေပြီးသော တပ်မတော်သားတွေရဲ့ ဇနီးမယားဘဝပါလားလို့လဲ ခပ်တိုးတိုးအားကျ အဘွားလေးကို အထင်ကြီးမိခဲ့တယ်။

အခုလက်ရှိအချိန်ထိတိုက်ပွဲပေါင်းများစွာကိုဆင်နွှဲနေရတဲ့ ကချင်ပြည်နယ်ကြီး ငြိမ်းချမ်းဖို့အတွက် အသက်ပေါင်းများစွာ အယ်လောက်ထိကြွေလွင့်ပြီး ဘယ်လောက်ထိ ထပ်ပေးဆပ်နေရဦးမလဲ။ အိုးမဲ့အိမ်မဲ့ဖြစ်နေတဲ့ အပြစ်မဲ့ပြည်သူတွေ နောက်ထပ် ဘယ်လောက်များတိုးပွားလာဦးမလဲ။ အရောင်မှိန်ဖျော့နေတဲ့ နငယ်တဲ့ကလေးတွေရဲ့ အနာဂတ်တွေဘယ်တော့များမှ လင်းတောက်မလဲ။ အသက်ရှင်ဖို့အတွက် စစ်မြေတလင်းမှာ ပြေးလွှားနေရတဲ့ လူသားတွေရဲ့ကောင်းကင် ဘယ်တော့များမှကြည်စင်မလဲ။ အဲ့ဒါတွေစဉ်းစားရင်းနဲ့ ကျွန်မလဲ ကျွန်မချစ်တဲ့တပ်မတော်သားအပါအဝင် အခြားသောလူများအပေါင်း ဘေးရန်ကင်းပြီးငြိမ်းချမ်းရေးကို မနေးမကြာမြန်မြန် ရရှိစေချင်ပြီ။

ခဏတဖြုတ်ကြုံဆုံလာရတဲ့ လူ့လောကကြီးမှာ အားလုံးသောလူသားအပေါင်း မောဟာကင်းကင်း မာနမဲ့အရိပ်မျိုးမှာ ရိုးသားစွာအသက်ရှင်ခွင့်ရဖို့အတွက် ကျွန်မတို့ဘယ်လိုမျိုး ဖေးမကူညီမှုများဖြင့် လက်ကမ်းပြီး ပျိုးကြဲပေးနိုင်မလဲ။ စိတ်ကူးတွေကို တွေးချင်ရာတွေး ငေးချင်ရာငေးရင်း ရင်ထဲမှာစူးနင့် မျှားတစ်စင်းစိုက်ဝင်ခဲ့ပြီ။

တိုက်ပွဲတွေမှာကျဆုံးသွားလေပြီးသော တပ်မတော်သားများနှင့် ကျန်ရစ်ခဲ့လေသော ဇနီးမယား အဖမဲ့သားသမီးများကို ရင်တွင်းတစ်နေရာမှ သနားစာနာမှုများနှင့်အတူ စစ်ဆိုသောမီး အပြီးသတ် ငြိမ်းသတ်နိုင်ပါစေလို့ ဆန္ဒများဖြင့် တပ်မတော်သားများကိုအစဉ်လေးစားဂုဏ်ပြုလျက်.......။

**ဗာဂျင်း**

# ဘဝတကွေ့က နားလည်မှု

လွန်ခဲ့တဲ့ ၁ နှစ်ကျော်က နေရာလေးတစ်ခုဆီကို အတွေးနဲ့ ပြန်သွားရင်း ပုံရိပ်တွေကို ထပ်ခါ ထပ်ခါ မြင်ယောင်လာမိတယ်။ ကရင်ပြည်နယ်က တောင်ခြေရွာကလေးတစ်ရွာမှာ ကျောင်းဆရာမအဖြစ် ကျွန်မရောက်ရှိနေချိန်ပေါ့။ မငြိမ်းချမ်းတဲ့အငွေ့အရိပ်တွေ ကြီးစိုးနေတဲ့ အဲဒီရွာကလေးဆီကို တပ်မတော်စစ်ကြောင်းတစ်ကြောင်း ရောက်ရှိလာခဲ့တဲ့နေ့။

ရွာရဲ့ အလယ် ဘုန်းကြီးကျောင်းမှာ တဖွဲ့၊ ရွာရဲ့ တစ်ဖက် တောင်ကုန်းပေါ်က စေတီမှာ တဖွဲ့၊ ရွာထဲက ကျေးရွာရုံးမှာ တဖွဲ့စီ နေရာချပြီး သူတို့တွေ နားနေကြတယ်။အရင်ရွာထဲ စစ်ကြောင်းတွေဝင်ရင် စစ်ကြောင်းမှူးကိုထားတဲ့ တရွာလုံးရဲ့ တစ်လုံးထဲသော တစ်ထပ်တိုက်ငယ်လေးမှာ ကျွန်မ နေနေတဲ့အတွက် စစ်ကြောင်းမှူးခမျာလဲ ဘုရားကုန်းက စေတီမှာပဲ စတည်းချရတယ်။ သူတို့စစ်ကြောင်း ဝင်လာတဲ့အချိန်ဟာ ညနေပိုင်းဖြစ်နေတော့ ညနေတိုင်း ဘုရားသွားတတ်တဲ့ ကျွန်မ ဘုရားကုန်းမှာ စခန်းချတဲ့ စစ်ကြောင်းနဲ့ ဆုံခဲ့ပါတယ်။

ကျွန်မ ဘုရားကုန်းပေါ်ရောက်သွားချိန်မှာ သူတို့တွေ ထမင်းစားပြီးချိန်ပေါ့။ ဘာနဲ့ စားကြလဲလို့ ရဲဘော်လေးတစ်ယောက်ကို ကျွန်မ မေးတော့

"ရွာထဲက ငှက်ပျောပင်က ငှက်ပျောဖူးခူးပြီး ချက်စားလိုက်တယ် ဆရာမ"

"အယ်… ဒါပဲလားဟင်

"အာ.. ဆရာမကလဲ.. ငှက်ပျောဖူးဆိုတာ ကျွန်တော်တို့အတွက် ဟင်းကောင်းတခွက်ပဲလေ" တဲ့။

" ဩော်" ဆိုတဲ့ အာမေဋိတ်တစ်လုံးနဲ့အတူ ရဲဘော်လေးတွေဘေးကနေ ကျွန်မ စေတီရင်ပြင်ဆီ သွားခဲ့တယ်။

ဘုရားကန်တော့၊ တရားထိုင်ပြီး ကျွန်မ ဘုရားကုန်းကနေ ပြန်ဆင်းလာခဲ့တယ်။ ကျွန်မနေတဲ့အိမ်ကို အပြန် နောက်ထပ် တဖွဲ့နဲ့ တွေ့ပါရော… သူတို့ကိုလဲ ထမင်းစားပြီးပြီလားမေးတော့..

ရွာထဲက အိမ်တွေမှာ သဘော်သီးတွေ မြွတ်ခဲနေတာတွေ့လို့ သဘော်သီး တောင်းပြီး ချက်စားလိုက်တယ်။”

ဩော်…. အချို့တွေက ပြောခဲ့ကြတယ်။ စစ်တပ်တွေ ရွာထဲဝင်ရင် နွားဆွဲ၊ ကြက်ဆွဲပြီး ချက်စားကြတယ်တဲ့။ ကျွန်မရဲ့ ကိုယ်တိုင်အတွေ့အကြုံမှာတော့ ရွာထဲမှာ ရောင်းတဲ့ဈေးက အသီးအရွက်တွေတောင် ဝယ်စားဖို့ အခက်အခဲရှိတဲ့ ရှေ့တန်းရောက် စစ်သားတွေဟာ ဖြစ်သလိုပဲ စားကြရတာပါ။

အဲ့ဒီနေ့ညမှာ ကျွန်မ တော်တော်နဲ့ အိပ်မပျော်ခဲ့ဘူး။ အဲ့ဒီအချိန်မှာ ကျွန်မဟာ စစ်သားတစ်ယောက်ရဲ့ ချစ်သူလေ။ ကျွန်မ ချစ်သူသာ အဲ့ဒီလို ရှေ့တန်းသွားပြီး ဖြစ်သလို စားနေရရင် ဆိုတဲ့ ခံစားချက်မျိုးနဲ့အတူ အဲ့ဒီစစ်ကြောင်း တစ်ကြောင်းလုံးမှာ ရှိတဲ့ အရာရှိ၊ စစ်သည်တွေကို ကိုယ့်အစ်ကို၊ကိုယ့်မောင်တွေသာဆိုရင် ငါ့မျက်စိရှေ့မှာ ဖြစ်သလို စားသောက်နေရတဲ့အပေါ် ငါကြည့်နေမှာ မဟုတ်ဘူးလေဆိုတဲ့ ဆုံးဖြတ်ချက်နဲ့ နောက်နေ့ မနက်မှာပဲ… ဘုရားကုန်းကို သွားပြီး….

“ဦးလေး.. အခုလာတဲ့ စစ်ကြောင်းကို ဟင်းချက်စရာ ဝယ်ပေးချင်တယ်။ ကျွန်မ လာပို့ရင်တော့ ရွာထဲကလူတွေ ကျွန်မကို တမျိုးပြော်ကြမယ်။
ကျွန်မ ရွာထဲက ဆိုင်မှာ ပိုက်ဆံရှင်းပေးခဲ့မယ်။ ဦးလေး သွားယူပြီး စစ်ကြောင်းကို သေချာ ချက်ကျွေးပေးပါ” ဆိုပြီး ဘုရားကုန်းမှာ တာဝန်ကျနေတဲ့ နယ်ခြားစောင့်တပ်က ဆရာတစ်ယောက်ကို အကူအညီတောင်းခဲ့တယ်။

အဲ့ဒီနေ့ ညနေမှာ ကျွန်မ ကျောင်းကနေ ပြန်လာတော့ ရွာလယ်ဘုန်းကြီးကျောင်းက ရဲဘော်စစ်သားတွေဟာ ကျွန်မကို လှမ်းပြီး “ဆရာမရေ” လို့ လှမ်းခေါ်တော့ ပထမတော ငါ့ကို ခေါ်ရကောင်းမလားဆိုပြီး တချက်စိတ်ထဲ တမျိုးဖြစ်သွားပေမဲ့ လှမ်းကြည့်လိုက်တဲ့အခါမှာ သူတို့ကပဲ ကိုယ့်ဆီကိုလာပြီး.. သူတို့ စစ်ကြောင်း ရွာကနေ ခွာရတော့မယ်အကြောင်း ပြောပြကြတယ်။ ကျွန်မလဲ ခွန်းတုံ့နှုတ်ဆက်စကားပြောရင်း အစစအရာရာ ဂရုစိုက်ကြဖို့

အမှာစကားလဲ ပြောခဲ့ရဲ့။ တကယ်ဆို ကျွန်မနဲ့ သူတို့စစ်ကြောင်း တွေ့ရချိန်ဟာ ၁ နာရီတောင် မရှိခဲ့ပါဘူး။ ဒါပေမဲ့ စစ်သားတွေရဲ့ ရှေ့တန်းဆင်းရဲကို ကောင်းကောင်းကြီး မျက်မြင် နားလည်ခဲ့ရတယ်။ ရေဒီယိုတစ်လုံးကို ဖွင့်ပြီး သတင်း နားထောင်နေတဲ့ စစ်ကြောင်းမှူးကို ကြည့်ရင်း ဘာဟိတ်ဟန်မှ မရှိ ပကတိ ရိုးသားပြီး လွတ်ရာအရပ်မှာ ကျရာတာဝန်ကို ထမ်းဆောင်နေတဲ့ မြန်မာ့တပ်မတော်သားတွေကို ပိုတိုးလို့သာ လေးစားခဲ့ရတယ်။

တကယ်တော့ တပ်မတော်သားတွေဟာ နောက်တန်းမှာ ရောက်နေချိန်လဲ ပြည်သူအတွက်၊ ရှေ့တန်းမှာ ရောက်နေချိန်လဲ ပြည်သူအတွက်.. သူတို့ရဲ့ ဘဝမှာ အချိန်တိုင်းဟာ ပြည်သူတွေအတွက် ပေးဆပ်ကြရသူတွေပါ။ တချို့သော အရာတွေက သူတို့ဘဝရဲ့ အမှန်တကယ် ဖြစ်တည်မှုတွေ၊ ပေးဆပ်နေရမှုတွေကို အရိပ်မိုးဖုံးကွယ်ထားကြပေမဲ့ တကယ်သာ သူတို့ရဲ့ ဘဝအမှန်ကို လက်တွေ့ကျကျ မြင်ရ သိရပြီဆိုတဲ့နောက်မှာ သူတို့ဟာ တာဝန်အများဆုံးနဲ့ အဆင်းရဲဆုံး နိုင်ငံသားတွေဆိုတာ ကို နားလည်သိရှိလာနိုင်ကြမှာပါ။

**ထိပ်ထား**

# ကျွန်မ မြင်တွေ့ခဲ့သော မျက်လုံးများ

ညက သူစိမ်းဆန်နေ၏ ။

တစ်ယောက်ထဲ မှိုင်နေမိချိန်မို့ သူငယ်ချင်းတစ်ယောက်ပေးဖူးသည့် ချစ်သောကမ္ဘာမြေကြီး သီချင်းအား ပြန်နားထောင်နေမိရင်း ခေါင်းထဲအတွေးတစ်ခုဝင်လာသည်…။ ကမ္ဘာကြီးထဲက မပြည့်စုံတဲ့လူပေါင်းများစွာထဲတွင် စစ်ဆိုသည်ကိုတွေ့ကြုံခံစားနေရသော လူများအကြောင်း။ တစ်ယောက်နှင့်တစ်ယောက်မာန်မလျော့ အတ္တခပ်ထွားထွား ငါသည်သာမှန်တယ်ဆိုသည့် တရားသေလက်ကိုင်စွဲထားသောသိပ်အသုံးမဝင်သူတွေများ၏ အကြောင်း။ တရားသောစစ် မတရားသောစစ် ဆင်နွှဲနေကြရသည့် ဆင်နွှဲနေကြရမည့် သူများအကြောင်း။ စစ်ပွဲပေါင်းများစွာကို အမိန့်ဟူသည့် စကားလုံးအောက်တွင်ရိုကျိုးစွာနာခံနေရသည့် သူများ အကြောင်း။ စွန့်လွှတ်ခြင်းပေါင်းများစွာကို တစ်ထောင့်တစ်နေရာကနေ ဂုဏ်ယူစွာတိုက်ပွဲဝင်နေရသည့် စစ်သား သို့မဟုတ် လူသားများအကြောင်း။

ရိုးရိုးကလေးသာ တွေးကြည့်မိသည်။

ကိုယ့်အယူအဆနှင့်ကိုယ် မှန်တယ်ထင်၍ တိုက်နေကြသည့် စစ်ပွဲပေါင်းများစွာတွင် ပြည်တွင်းစစ်က ရေပန်းစားနေသည်။ ကိုယ့်လူမျိုးအချင်းချင်း မှားယွင်းသောအယူအဆစွဲကြီးများနှင့် တိုက်နေသည့်စစ်ပွဲမို့ နားမလည်နိုင်လည်းဖြစ်မိသည်။ လူပြိန်းများသာလျှင် လက်ခံကျင့်သုံးနေသည့် ပေါပေါလောလော အကြောင်းပြချက်များကိုလက်ဆုပ်လက်ကိုင်ပြုထားသည့် လူတစ်စုအားလည်း သနားမိသည်။တချို့မှာ စာမတတ်ကြ။ တချို့မှာ မိဘမရှိကြ။ တချို့မှာ မြူးတူးပျော်ပါးရမည်မှန်း မသိကြ။ တချို့မှာ လူငယ်ဟူသည့်ဝေါဟာရအား မသိကြ။ ထိုပြည်တွင်းစစ်များကြောင့် ဟိုဖက်ဒီဖက်အထိနာကြ သေကြေပျက်ဆီးကြရသည်။ နှစ်ဦးနှစ်ဖက်လုံး အထိနာကြရသည်။ တိုင်းရင်းသားတွေပဲမဟုတ်ပါလား။ ထိုတိုက်ပွဲများနောက်ကွယ်မှ ကျွန်မ မျက်မြင်ကိုယ်တွေ့ခဲ့ရသော စစ်သားများအား ပြန်လည်သတိရမိ၏။

တပ်မတော်အရိုးဆေးရုံကို အလည်မခေါ်ပဲ တမင်တကာရောက်သွားခဲ့သည့် နေ့တစ်နေ့တွင် ဖြစ်သည်။ ထိုနေ့က ကျွန်မမြင်ခဲ့ရသည်မှာ ခပ်ရဲရဲ ခပ်ရင့်ရင့်မျက်လုံးများအား ပိုင်ဆိုင်ထားကြသော နာမည်ဆိုးနှင့် ကျော်ကြားသည့် လူများအကြောင်းပင်။ သေးကွေးလှသည့် အပ်ကလေးနှင့်

မတော်တဆထိုးမိလျှင်ပင် နာကျင်နေကြသည့်အချိန်၌ ခန္ဓာကိုယ်တွင်းသို့ ထိုးဖောက်ဝင်လာသည့် ကျည်တစ်တောင့်ကြောင့် အသက်ပေးလိုက်သည့်သူများ ခပ်ပါးပါး မိုင်းဆံတစ်ခုကြောင့် ခြေလက်စွန့်လွှတ်လိုက်ရသည့် သူများနှင့်အမှတ်မထင်ဆုံတွေ့ခဲ့သည်။

ကျွန်မကို ဘယ်သွားမှာလဲဘယ်သူ့ကိုရှာတာလဲ ဟု ခြေထောက်နှစ်ဖက်မရှိတော့သည့် သာမန်ရိုးရိုးစစ်သားတစ်ယောက်၏ ဘီးတပ်ကုလားထိုင်ပေါ်မှ အမေးနှင့်အကြည့်ကို ခပ်ကြောင်ကြောင်ပြန်ကြည့်ရင်း ဆွံ့အခဲ့ရသည့် ကျွန်မ၏နေ့တစ်နေ့ကို ဂုဏ်ယူစွာနှင့် ဖျက်ပစ်ချင်နေမိသည်။ ထိုစစ်သားလေးတွင် ခြေထောက်မရှိပါ။ သူမတ်တပ်ရပ်၍ မရပါ။ သို့သော် သူ့မျက်လုံးများတွင် သူ့ခြေထောက်အပြတ်ကလေးအား ဂုဏ်ယူယူနှင့်မေ့ပစ်ထားကြောင်း ကျွန်မ မြင်ရ၏။ အမျိုးသမီးတစ်ယောက်က ပတ်တီးအဖြူရောင်ပေါ်တွင် သူမ၏လက်အား နူးနူးညံ့ညံ့တင်ထား၏။ ပတ်တီးစည်းထားသည့် စစ်ဗိုလ်တွင်ကား ခြေထောက်နှစ်ဖက်လုံးမရှိတော့။ ထိုအကို၏ဘေးတွင်ပင် စာအုပ်တစ်အုပ်ကိုဖတ်ပြရင်း သူမရဲရင့်နေပုံရ၏။ မျက်လုံးနှစ်စုံနှင့် ခြေထောက်တစ်စုံကိုလည်း သူတို့မေ့ပစ်ထားကြ၏။ တူညီသောအကြည့်များစွာ၏ မာကျောမှုများ။ အားပြည့်ဝနေမှုများ။ ရဲရင့်နေမှုများ။ လူကောင်းပကတိ ဖြစ်ပါလျှက်နှင့် ကျွန်မပင် အကြည့်ချင်းမဆုံရဲ။ စိတ်ထဲတွင် ရှက်သကဲ့သို့ ခံစားမိနေ၏။ ထိုအကြည့်များကား မည်ကဲ့သို့ ပန်းချီကားဘောင်များနှင့် ချိတ်ဆွဲမှ ရနိုင်မည်နည်း။ သူတို့ဘဝတွင် မုန်တိုင်းကရှိသွားခဲ့ဖူးပြီ။

ကျွန်မသွားတွေ့သည့် အကိုတစ်ယောက်၏ ဘေးကုတင်ပေါ်တွင် ထမင်းစုစားဖို့ပြင်နေကြသည့် စီနီယာ/ဂျူနီယာ သွေးသားရင်းချာညီအကိုများကိုလည်း တွေ့ရ၏။ တစ်ယောက်က ခြေကျင်းဝတ်က ဖြတ်ထား၏။ တစ်ယောက်က ဒူးခေါင်းက ဖြတ်ထား၏။ တစ်ယောက်က ပေါင်ရင်းက ဖြတ်ထားရ၏။ အဘယ်ကြောင့် သူတို့အားငယ်မနေကြပါသနည်း။ အဘယ်ကြောင့် ကျွန်မ မျက်ရည် ဝဲနေမိပါသနည်း။ သူတို့သုံးယောက်သား ထမင်းစုဖွဲ့စားနေကြ၏။ ရယ်မောနေကြ၏။ ပျော်ရွှင်နေကြ၏။ သူတို့၏ ဘဝတွင် စွန့်လွှတ်လိုက်ရခြင်းတွေ များပြားနေသော်လည်း ငါဟာစစ်သား ငါဟာယောကျ်ား ဟူသောမာန်လေးနှင့် အားတင်းရယ်နေကြသည့် သူတို့၏ ရယ်သံတွေအား နားထောင်ရင်း ဦးညွှတ်နေမိသည်။

ကဲ.....ကျွန်မတို့တိုင်းပြည်ကို ကျွန်မတို့ ချစ်ကြသည်။တိုင်းပြည်အတွက် စွန့်လွှတ်မှုပေါင်းများစွာကို သူတို့စွန့်လွှတ်အနစ်နာခံခဲ့ကြရ၏။ သူတို့အသက်အရွယ်နှင့်ကြည့်လျှင် ငယ်နေသေး၏။

ငြိမ်းချမ်းရေးရအောင် မတိုက်ချင်ပဲစစ်ပွဲပေါင်းများစွာကို သေလမ်းမှန်းသိသိကြီးနှင့် ကိုယ်လက်အင်္ဂါစွန့်လွှတ်ရမည်မှန်းသိသိကြီးနှင့် ကိုယ့်ဆီတိုးဝင်လာမည့်ကျည်တွေ အချိန်မရွေး ထပေါက်ကွဲနိုင်တဲ့မိုင်းကွင်းတွေကို ပန်းခင်းသောလမ်းကဲ့သို့ ခပ်ရဲရဲခပ်ရင့်ရင့်ဖြတ်သန်းနေကြသည့် နာမည်ဆိုးနှင့် ကျော်ကြားသည့် လူတွေကို ကျွန်မတို့တွေအားလုံးကလည်း သတိလေးဆွဲဦးညွှတ်ရင်း ခပ်ရဲရဲခပ်ရင့်ရင့်ပြန်ပြုံးကြစို့....။ ချစ်သောကမ္ဘာမြေကြီးအား ငြိမ်းချမ်းအောင် စွမ်းဆောင်နေကြသည့် တိုက်ပွဲဝင်နေကြသော လူတွေရဲ့ဘေးမှာထာဝရ ရှင်သန်ချစ်ခြင်းဖြင့် အနာဂတ်ကိုဆေးခြယ်ချင်စိတ်လေးသာ ဖြစ်ပေါ်မိနေတော့သည်။

**ဗာဂျင်း**



## အဖေးကပဲ ကန်တော့လိုက်ပါတယ် "ဖေဖေ"

ရင်ထဲမှာ ဘယ်သောအခါမှ မမေ့နိုင်သော အဖြစ်အပျက်တခု လောကကြီးပြောင်းပြန်လန်သွားသလားထင်မှတ်လိုက်ရသော နေ့ အဲဒီနေ့ကို သားဘယ်တော့မှ မမေ့ပါဘူးဖေဖေ….

အတိတ်တနေရာဆီသို့…………………

"ဗိုလ်ကြီး..ဗိုလ်ကြီး…….အဘက ညကျရင် ဗိုလ်ကြီးတို့အားလုံးအစည်းအဝေး ရှိပါတယ်တဲ့ခင်ဗျ။ အဲဒါ ကျွန်တော်လာပြောတာပါ"

ရုံးက ဆက်သား ထင်ကျော်လာပြောသောအသံကြားလိုက်ရတော့ တဖက်ခန်းက ကျော်သူထွေးက

"သယ်ချင်း ဗျူဟာမှူးကြီးလာစစ်မယ်ထင်တယ်ကွ။ငါ ဟိုနေ့ကအဘဖုန်းပြောနေတာကြားတယ်"

"အေး သယ်ချင်း၊ဟုတ်မယ်ထင်တယ်ကွ….ကဲ ထမင်းစားပီး ရွာထဲခဏသွားကြရအောင်ကွာ၊ခုထမင်းစားမယ်ကွာ၊"

"မောင်မြင့်ရေ ထမင်းစားမယ် တပည့်ရေ"

"ဟုတ်ကဲ့ ဗိုလ်ကြီး"

၅ မိနစ်လောက်ကြာတော့ "ရပါပီ ဗိုလ်ကြီး"

ထမင်းဝိုင်း ရောက်တော့ လူကစုံနေပီ။လူပျိုဆောင်မှာ အကြီးဆုံးက (၄၉) က ကိုရဲဝင်းမော် ပါ။ပီးတော့ (၅၀) က ကိုအောင်မြင့်ကျော်၊ကိုဒွေးအောင် ၊(၅၁) ကမရှိတော့ ကျွန်တော်တို့အင်တိတ်က(၄)ယောက်ပေါ့။ကျွန်တော်ရယ်၊ကျော်သူထွေးရယ်၊ဖြိုးဝေအောင်ရယ်၊မြင့်မောင်မောင်ရယ်ပေါ့၊လူပျိုရိပ်သာမှာပေါင်းကြည့်မှအရာရှိလေး(၇)ယောက်ပဲရှိတော့ ဘာပဲလုပ်လုပ်

တူတူပေါင်းလုပ်ကြတာ များတယ်။ထမင်းစားလဲလူစုံမှစားတယ်၊အပြင်သွားလဲ တအုပ်တမကြီးပေါ့။ ရောက်ပီးခဏနေတော့ ကိုရဲဂင်းမော်ပါရောက်လာတယ်။

"ကဲ ညီလေးတို့ စားနင့်ကြတာမဟုတ်ဘူး"

"ကိုကြီးကလဲ ဘယ်တုန်းက တာဂန်မရှိပဲ လူမစုံရင် စားဘူးလို့လဲ"

"အေးပါကွာ အေးပါ၊ဟုတ်ပါပီ ကိုက ညီတို့စောင့်နေရလို့ပြောတာပါ၊ကိုလဲ အစည်းအဝေးကိစ္စ လုပ်နေလို့ ညီတို့စောင့်နေရလို့ပြောတာပါကွာ"

"အော်ကိုကြီး အစည်းအဝေးဆိုလို့ လူကြီးလာမှာလား"

"အေး ညီတို့မသိသေးဘူးပဲ၊မဟုတ်ဘူးညီရ ကိုယ့်တို့တပ် ရှေ့တန်းထွက်ရမယ်၊ရက်တော့အတိအကျ ကိုလဲမသိသေးဘူး၊အဘ ညကျရင်ပြောမယ် ပြောတယ်ညီ"

ရှေ့တန်းဆိုတော့ အကိုကြီးတွေကတော့ ရိုးနေပီ။ကျွန်တော်တို့က ရှေ့တန်းဆိုတာ ဘာမှန်း သေသေချာချာ မသိသေးတော့ ရင်ခုန်နေကြပြီ အတွေကိုယ်စီနဲ့ ထမင်းဝိုင်းက တိတ်သွားတော့

"ဟေ့ကောင်တွေ…အာကာတို့ ဘာလဲရှေ့တန်းဆိုတာနဲ့ ကြောက်သွားပြီလား"
(ကျွန်တော့်နာမည် အောင်ကျော်မင်းမို့လို့ စက်အခေါ်က အာကာ ပေးထားတာပါ)

"ဟုတ်ပါဘူးကိုကြီးရာ ရှေ့တန်းဆိုတော့ တခါမှမထွက်ဖူးလို့ အတွေးထဲမျောသွားတာပါ ၊မကြောက်ပါဘူး ကိုကြီးရာ"

ကိုဌေးအောင်က

"ကိုကြီး ကလဲ ဒီကောင်တွေလားကြောက်မှာ၊ဟိုနေ့ကတောင်ကျွန်တော့်ကို မေးနေတာ၊ရှေ့တန်းအကြောင်းတွေ"

"ကောင်းတယ်ကွာ၊ငါ့တပ်ခွဲက အာကာနဲ့ကျော်သူထွေးနော်၊မင်းတို့လဲ လိုတာတွေ နောက်နေ့ကျပြင်ထားအုံး"

"ရယ်ဒီပဲကိုကြီး၊ကျောင်းဆင်းထဲက ပါလာပြီးသား"

အဲလို နဲ့ထမင်းပိုင်းလေးပြီးသွားတော့ ထုံစံတိုင်းရွာထဲ သွားရအောင်ကွာဆိုပီ အုပ်စုလိုက်ချီတက်သွားကြတာ ရွာထဲတောင်မရောက်သေးဘူး ဟိုလူကခေါ် ဒီလူကခေါ်နဲ့ ရွာအဝင်ပဲရှိသေးတယ်။ခဏ စကားပြောပြီး အစည်းအဝေး ဝင်ဖို့ ရုံးကိုသွားကြတာ ရုံးလဲရောက်ရော (၇)နာရီကထိုးဖို့ (၁၀)မိနစ်ပဲလိုတော့တယ်။ တန်းစီ ကိုယ့်တပ်ခွဲကိုလူစစ်၊ တပ်ရေးဗိုလ်ကြီးတန်းအပ်ပီးတော့ အဘလဲရောက်လာရော

"ကဲ စစ်ဆင်ရေးရှိတယ်…ကျွန်တော်တို့ တပ်မ စစ်ဆင်ရေးဝင်ရမယ်၊ခင်ဗျားတို့ အချိန် (၁)ပတ်ပဲရမှာ၊အရေးပေါ် စစ်ဆင်ရေး ဖြစ်နေလို့ ခါတိုင်းလိုကြိုမသိရတော့ နဲနဲတော့ အလုပ်ပိုရင်ပိုလိမ့်မယ်။ဒါပေမယ့်စစ်သားတွေပဲဗျာ၊လုပ်ရင်မဖြစ်ဘူးဆိုတာမရှိပါဘူး၊ခင်ဗျားတို့လုပ်နိုင်မယ်လို့ ကျွန်တော်ယုံကြည်တယ်၊အဲဒီတော့ တပ်ခွဲမှူး၊တပ်စုမှူးတွေ ကလဲ ကိုယ့်တပ်ခွဲ၊တပ်စုကို လိုအပ်တာတွေမှာကြား၊စစ်ဆေး အသင့်ဖြစ်အောင်လုပ်ထားကြပါ၊ စစ်ဆင်ရေးအသေးစိတ်ကို အရာရှိတွေနဲ့ဆွေးနွေးပြီး လိုအပ်တာတွေ ပြီးမှထပ်မှာမယ်၊ဘာသတင်းပို့စရာရှိလဲ"

"မရှိပါဘူး"

"အရာရှိတွေ ရုံခန်းထဲမှာ စမယ်" တပ်ရေးဗိုလ်ကြီးကပြောပြီးရုံခန်းထဲသွားတာ ရုံခန်းထဲရောက်
တော့

"ကဲ ကိုယ့်ညီတို့၊ကိုယ့်ညီတို့ သိတဲ့ အတိုင်းပဲ အရေးပေါ်စစ်ဆင်ရေး ကိုယ်တို့တပ်မထွက်ရမယ်။အဲဒါအသေးစိတ်ဆွေးနွေးကြတာပေါ့၊တပ်ကိုရောက်တာမကြာသေးတဲ့အရာရှိတွေကတော့ အကြီးတွေနဲ့တွဲပြီးလုပ်ကြပေါ့"

အစည်းဝေးလဲပြီးရော အခန်းပြန်ရောက်တော့ အိပ်မပျော်နိုင်သေဘူးပေါ့။ ရှေ့တန်းဆိုတာကို အတေးတွေ နယ်ချဲ့နေတာ။အဲလိုနဲ့ပြင်စရာရှိတာတွေပြင်၊ကိုယ့်တပ်ခွဲကိုလဲ စီမံ၊အားလုံးလဲ ပြီးရောတပ်ရင်းမှူးအစစ်ခံ အားလုံးပြီးတော့ ရင်ခုန်နေတဲ့နေ့ကိုရောက်လာတာပေါ့။စစ်ဆင်ရေးက ဘော်ဆဲခို(ကရင်)ဘက်ပေါ့။တောင်ငူကနေ ဆက်သွားရမှာဆိုတော့ တောင်ငူမှာမိဘတွေကိုချိန်ကြပြီး စစ်ဆင်ရေးမသွားခင်ကန်တော့မယ် ဆိုပီးခေါ်လိုက်တာ တောင်ငူရောက်တော့ဖုန်းခေါ်တော့ မေမေ လာကိုင်တယ်။

"မေမေ သားတို့ရောက်ပီ၊မေမေတို့ဘယ်မှာလဲ၊သားလာခဲ့မယ်လေ"

"အေး သားသား မေမေတို့ မင်းဦးလေးအိမ်မှာပဲလေ သားသိတယ် မဟုတ်လား၊လာခဲ့လေ မေမေတို့စောင့်နေမယ်"

နားဖို့နေရာတွေချပေးပြီ မနက်ဖန်မနက်စောစောမှ ထွက်မှာဆိုတော့ ညနေပိုင်းမိဘတွေသွားတွေ့၊ဦးလေးအိမ်ရောက်တော့ မေမေနဲ့ ညီလေးပဲလာတယ်။ဖေဖေကိုမတွေ့လို့မေးကြည့်တော့ မအားလို့မလာတာတဲ့။အဲဒါနဲ့ စကားတွေပြော၊မေမေက မှာစရာရှိတာတွေမှာ၊မေမေ့ကိုလဲ စိတ်မပူဖို့ပြော၊ ကန်တော့ပြီး ပြန်လာတာနားတဲ့ တပ်ရောက်တော့(၉)နာရီထိုးနေပြီ။ အကုန်လုံးအိပ်ဖို့ပြင်နေပြီ။ မနက်စောစော သွားမယ်ဆိုတော့ ကျွန်တော်လဲ အိပ်ဖို့ပြင်ပြီး အိပ်ပစ်လိုက်တော့တယ်။မနက်(၅)နာရီလောက်ထ ပြင်ဆင်ပြီး (၆)နာရီတန်းစီ အားလုံးပြီးတာနဲ့ စထွက်ကြတာပေါ့။လမ်းမှာ လမ်းလုံခြုံရေးယူထားတဲ့တပ်ကလိုက်ပို့တယ်။အဲလိုနဲ့ ဘော်ဆဲခို ရောက်တော့ အဲမှာဗျူဟာထိုင်တယ်။ကျွန်တော်က ကိုရဲဂင်းမော်နဲ့တူတူ စခန်းကုန်းတခု ထိုင်ရတယ်။ဘော်ဆဲခိုရောက်တော့ ညပိုင်းဖြစ်နေပီ။ဗျူဟာမှူးကြီးက မနက်မှကိုယ့်စခန်းကုန်းကို သွားလို့အမိန့်ရတာနဲ့ အဲမှာတညအိပ်၊နောက်နေ့မနက်စောစော စခန်းကုန်းကို ထသွားရတယ်လေ။ စခန်းရောက်တော့ တပ်ခြင်းချိန်းပြောင်းတွေလုပ်ပြီ စခန်းထိုင်လိုက်၊လှည့်ကင်းထွက်လိုက်၊

ကင်းပုန်ဂပ်လိုက်နဲ့ပေါ့ဗျာ။ကိုရဲဂင်းမော်ကလဲ အစစအရာရာသင်ပေးတယ်။စခန်းရောက်စက ညပိုင်းဘယ်လိုမှ အိပ်လို့မရဘူး။ငပွေးတွေ လာလာပစ်ကြတာ။မနက်ရောက်တော့ ပြောပြတော့

“ညီလေးရာခဏပါကွာ။ရအောင်ကြိုးစားပြီး အိပ်၊ အိပ်ဆိုပေမယ့် နိုးနိုးကြားကြားတော့ အိပ်ပေါ့ကွာ။ညပိုင်းကင်း လိုက်စစ်၊ကိုယ်လဲ စစ်မယ်၊နောက်တော့ မင်းအိပ်တတ်သွားမှာပါ”

နောက်နေ့တွေရောက်တော့ ကျွန်တော်လဲ အိပ်တတ်သွားတယ်။ တရေးနိုးကင်းလိုက်စစ်လိုက်။ ကင်းသမားကို မှာစရာရှိတာမှာ။ ပြီးရင် ဟိုတွေ ဒီတွေးပေါ့ဗျာ။အဲလိုနေနေရင် တနေ့ကျတော့ တပ်ရင်းမှူးဘက်ကလှမ်းပြောတာ ဒီရက်ပိုင်း ငပွေးတွေ ဂင်စည်းမယ်လို့သတင်းရတယ်။ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ၊ ကိုယ့်ဘက်က သတိနဲ့ကအမြဲနေ။ကင်းသေသေချာချာလှည့်။ကင်းပုန်းတွေ သေသေချာချာထုတ်။လဲဆိုရော နေ့ရောညရောသတိဂရိယနဲ့ နေရတာပေါ့။ နောက်နေ့မှပဲ ကျွန်တော့်ဘဂအတွက် သတင်းဆိုးကြီးတခု ကြားလိုက်ရတာ လောကကြီး ပြောင်းပြန်ဖြစ်သွားသလိုထင်လိုက်ရတယ်။အဲနေ့ မနက်ကကျွန်တော်နဲ့ ကိုရဲဂင်းမော် မနက်စာတူတူစားနေတုန်း စက်သမားက

“ဗိုလ်ကြီး အဘကစက်ပေါ်တက်ပါနဲ့၊အရေးကြီးတယ်ပြောတယ်”

ကိုရဲဂင်းမော် စက်သွားတက်တော့ ကျွန်တော်ကကင်းလိုက်စစ်မယ်ဆိုပြီး ထွက်သွားတာ ပြန်လဲ ရောက်တော့ ကိုရဲဂင်းကြီးက ကျွန်တော့်ကို တွေတွေကြီးစိုက်ကြည့်နေတာ၊ မျက်နှာလဲမကောင်းဘူး၊ မျက်လုံးမှာလည်း မျက်ရည်တွေပိုင်းနေတော့ ကျွန်တော်လည်း လန့်သွားတာပေါ့၊ငါ့တပ်ရင်းက ဂယောက်ယောက် တခုခုဖြစ်ပြီ ထင်တယ်ဆိုပြီ မေးတော့

“ညီလေး ငါတို့ခုလုပ်နေတာတွေဟာ ဘယ်သူတွေအတွက်လုပ်နေတာလဲ” အကြောင်းအရင်းအဆက်အစပ် မရှိသောစကားကြောင့် ကျွန်တော်လဲချက်ချင်းဘာဖြေလို့ ဖြေရမှန်းမသိဘူးဖြစ်သွားတယ်။ နောက် တခွန်းဆက်မေးတော့မှ

“ကျွန်တော်တို့ ခုလုပ်နေတာ နိုင်ငံတော်ကို ကာကွယ်နေတာပါ၊ မိဘပြည်သူတွေကို ကာကွယ်နေတာပါ”

"အေး မင်းပြောတဲ့ အထဲမှာမိဘပြည်သူဆိုတာပါတယ်၊အဲဒါငါတို့တပ်မတော်သား အားလုံးရဲ့မိဘတွေပဲ၊ ငါတို့ကသူတို့ အသက်အိုးအိမ် စည်းစိမ်တွေကို ကာကွယ်ပေးတယ်။ အဲလိုကာကွယ်ဖို့ ဒီနေရာကိုလာရမယ်ဆိုတာ မင်းဘာသာမင်းစိတ်နဲ့လာတာလား၊တာဝန်ပေးလို့လာတာလား"

"တာဝန်ပေးလို့လာတာပါ ကိုကြီး"

"ညီလေး မင်းကခုဘာလဲ"

"စစ်သားပါကိုကြီး"

" အေး ငါတို့ကစစ်သားတွေ၊ငါတို့စစ်သားတွေ ဆိုတာကိုယ့်အသက်၊ကိုယ့်လူငယ်ဘဝ၊မိသားစုနဲ့နေရမယ့် ချိန်တွေ၊မိဘတွေရဲ့ နွေးထွေးမှုတွေ အားလုံး အားလုံးကိုတပ်မတော်ကို ပေးအပ်ပီးနိုင်ငံ့တာဝန်ကို ထမ်းဆောင်နေတယ်။မင်း မိဘလဲမင်းကို မပိုင်တော့ဘူး၊မင်းမိဘက ခုတပ်မတော်ဖြစ်နေပီ၊ကို အဲလိုပြောတာ မိဘတွေကို လျစ်လျူရှုဖို့ပြောတာမဟုတ်ဘူးနော်၊ညီ"

"ဟုတ်ကိုကြီး"

"ကိုမင်းကို ဘာလို့အဲတွေ ပြောနေရလဲဆိုတော့ မင်းစိတ်ခိုင်ခိုင်ထားကွာ၊ကိုလဲစိတ်မကောင်းပါဘူး၊မင်း အဖေ ဆုံးသွားပြီ၊လွန်ခဲ့တဲ့ ၃ရက်လောက်က ဆုံးသွားတယ်ညီ၊ဒီနေ့ပဲကြေးနန်းဝင်လာတယ်၊ကိုယ့်ကို အဘခု လှမ်းပြောတာ ကိုယ့်မှာလဲ အဖေမရှိတော့ဘူး၊ကိုယ်ချင်းစာပါတယ်ညီ"

"ဟာ အကို….အကိုနောက်နေတာမဟုတ်လားအကို၊ဟုတ်တယ် မဟုတ်လား"

"ညီလေး စိတ်ကိုထိန်းစမ်းပါကွာ.ကိုယ်ခုနက ပြောထားတာတွေကိုပြန်တွေးကြည့်ညီ၊ ညီက စစ်သားဖြစ်နေပီလေ ညီ၊ကို ကိုယ်ချင်းစာပါတယ်ညီ ၊ကိုတုန်းကလဲဒီလိုပဲ ရှေ့တန်းမှာ အဖေ ဆုံးသွားတာညီ"

"ဟာ အကိုရာ…သွားပါပီဗျာ၊ ကျွန်တော်တို့မိသားစုရဲ့ တတိုင်းကြီး မရှိတော့ဘူးဗျ၊ကျွန်တော့် ဘဂရဲ့ သူရဲကောင်းကြီးမရှိတော့ဘူး"

"ညီ ရော့ဒီဆေးလေးသောက် ပီးရင် ညီနားလိုက်တော့ညီ၊ကိုပြောသလို ကိုယ့်စိတ်ကိုဖြေကွာ၊ ကိုယ်ပြောတာညီနားလည်မှာပါ"

ကျွန်တော့်အဲချိန်မှာ တွေးတာပေ့ါဗျာ။ငါဘာလုပ်လို့ ရမလဲအမျိုးမျိုးတွေးတာပေ့ါ။ နောက်ဆုံး ရက်လည်တော့မှီအောင် ပြန်မယ်ဆိုပီသွားမေးတော့ လမ်းခရီးကလဲအရမ်းဆိုးနေတဲ့ သတင်းကြားရတယ်၊နောက်ပီး ရှေ့တန်းကနေ ဆွဲထုတ်ဖို့ကဘယ်လိုမှ အဆင်မပြေဘူးကြားတော့ စိတ်တိုတာပေ့ါဗျာ။ဒါပေမယ့် ရှေ့တန်းဆိုတာရယ် ငါစစ်သား ငါဘာလုပ်နေလဲ ဆိုတာရယ် အတွေးထဲပြန်ဝင်လာတော့ ကျွန်တော်နားလည်သွားပါတယ်။ ငါဟာ စစ်သားပါလား ဆိုတာကို။စစ်သားဆိုတာ အရာရာကိုစွန့်လွှတ်ပီး နိုင်ငံတော်ကို၊မိဘပြည်သူတွေကို ကာကွယ်နေရတာပါလား။ ငါလို တပ်မတော်သားတွေ ဘယ်လောက်တောင်ရှိနေကြပီလဲ။အဲဒါကို အားလုံးကသိကြရဲ့လား။ဆိုတဲ့အတွေးတွေပေ့ါဗျာ။နောက်ဆုံးကျွန်တော် ဆုံးဖြတ်ချက်တခုကို ချလိုက်ပါတော့တယ်။အဲဒါကတော့ ဖေဖေကို အဂေးကပဲ လှမ်းပီးကန်တော့လိုက်ပါတော့တယ်။ ရင်ထဲမှာငိုနေပေမယ့် မျက်နှာမှာတော့ အားမာန်အပြည့်နဲ့ပေ့ါ။" ဖေဖေ နားလည်ဂုဏ်ယူလိမ့်မယ်လို့ သားမျှော်လင့်ပါတယ် ဖေဖေ"

အဂေးကပဲ ကန်တော့လိုက်ပါတယ် "ဖေဖေ"

**မြန်မာပြည်သား(အာကာ)**

# နင်းဆီဖြူတစ်ပွင့်ပွင့်ဖို့အတွက် ကျွန်တော့်လက်တွေ သွေးစွန်းခံလိုက်တယ်

မနေ့က ညနေခင်းတောင် ကျွန်တော် ဒီနေရာကို လမ်းလျှောက်ဖြစ်ခဲ့တယ်...။ ဒီလယ်ကန်သင်းပေါ်မှာတောင် ကျနော်မတ်တပ်ရပ်ပြီး နေဝင်ချိန် ဆည်းဆာကို ကင်မရာနဲ့ မှတ်တမ်းတင်ခဲ့သေးတယ် ...။ အခုတော့...အတွေးမဆုံးခင်.

" ဝုန်း"

ဘေးနားက မြေကြီးဖွာထွက်သွားတယ်..နားတွေလည်း အူပြီး မျက်လုံးထဲကို သဲတွေ ဝင်လာလို့ အမြန်မှိတ်လိုက်ရတယ်..။အိုး...၄၇ မမ ဗုံးသီးပြုတ်ကျတာဟ...။ချက်ချင်းပဲ ဘယ်ဘက်ကို ၃ ပတ်လောက် လိမ့်ပြီး ခမ်းလှမ်းလှမ်းမှာ ရှိနေတဲ့ ရေဗွက်ထဲကို ဆင်းလိုက်တယ်..။ပြီးတာနဲ့ ရှေ့ကို သေနတ်ပြောင်းလှည့်မိတယ်..။ ဘာဖြစ်တာလဲ..သူကစပစ်တာလား..ကိုယ်က စပစ်တာလားတောင် မသိလိုက်ဘူး..။သေနတ်သံတွေ ဆူညံပြီး တဝီဝီနဲ့ ကျည်ဆံတွေ ဖြတ်လာတယ်...ရုပ်ရှင်တွေထဲကလို တော့ တကယ့်စစ်မြေပြင်မှာ သေနတ်ခါးပိုက် ရင်ကော့ပြီး ပစ်တာတော့ မတွေ့ဖူးဘူး..။ ကျည်ဆံဖြတ်လာသံတွေ အတွဲလိုက်ဆွဲတဲ့ ရှိုင်ဖယ်သံကြားတာနဲ့ အကာအကွယ်ရှိတဲ့နေရာကို ဒိုင်ဗင်ထိုးဝပ်လိုက်တာပဲ..။ ငယ်ငယ်တုန်းက သေနတ်ပစ်တမ်းကစားတုန်းကတောင် ၁ -နေရာယူ ကနေ စခဲ့တာပဲလေ.ကျနော်လည်း သွေးနဲ့ကိုယ် သားနဲ့ကိုယ်။

ဘာလုပ်မလဲ

ဘာလုပ်မလဲ..

ခေါင်းထဲဝင်လာတဲ့ အတွေးများ..။ဟုတ်ပြီ..ငါ့ကောင်တွေ ဘာဖြစ်နေသလဲ..။ဘယ်ညာရမ်းကြည့်တော့ မဆိုးပါဘူး..။
ဟိုဘက်ကို သူဟာနဲ့သူ ပြန်ပစ်နေပြီ..။တပ်ကြပ်ကြီးကလှမ်းအော်နေတယ်..

"ဗိုလ်လုံ..ဗိုလ်လုံ."

"ကျုပ်..ဒီမှာ.".

လှမ်းအော်လိုက်တယ်..သူနေရာကနေ ခါးလေးကုန်းလို့ပြေးလာတယ်..

" ဗိုလ်လုံ ..အခြေအနေ..ဘာဖြစ်သေးလဲ."

အမေးကို ကျွန်တော် သူမျက်နှာ မကြည့်ပဲ ဖြေလိုက်တယ်.ပြီးတော့

" ဘာမှ မဖြစ်ဘူး..ခင်ဗျား အခု ညာဘက် ၁၂ နာရီခွဲက တောင်စောင်းအခြေ လမ်းအကွေ့ကို တွေ့လား"
"တွေ့ပြီ..တရုတ်စက်လက်"..

ကျုပ်အဲဒါကြောင့် ဒီဆရာကြီးကို သဘောကျတာ..အရိပ်ပြရင် အကောင်မြင်တယ်..။

" အဲဒီကို 40 m နဲ့ ပြန်ထုဗျာ.ပြီးရင် ဆရာလှဆောင်တို့ကိုသွားခေါ် ..ကျုပ် ဆီကိုလာပေါင်း "

လို့ ပြောအပြီးမှာ ဘာမှပြန်မဖြေပဲ အမ်အေ၄ကို ပုံးသီးထည့်ပြီး နစ်လုံးဆက်တိုက်ခုနက ကျွန်တော် ပြတဲ့နေရာကို ပစ်ပြီး လယ်ကန်သင်းမှာ တန်ပြန်ပစ်နေတဲ့ ဆရာလှဆောင်နဲ့ရဲဘော်တွေဆီ လိုမ့်ထွက်သွားတယ်..။

ကျွန်တော်လည်း ခပ်လှမ်းလှမ်းက ကားလမ်းအစပ်ကို ပြေးတတ်သွားတယ်..ကားလမ်း ညာဘက်က လယ်ကွင်းနဲ့ချောင်း..ဘယ်ဘက်က တောင်စောင်းဆိုတော့ ကားလမ်းအပေါ်တောင်စောင်းဆီ ပြေးတတ်သွားတဲ့ အဖွဲ့တွေနဲ့ သွားပေါင်းလိုက်တယ်..ကြည့်ရတာ ဒင်းတို့လည်း အလာ..ကျုပ်တို့လည်း ချောင်းကိုဖြတ်.လယ်ကွင်းကနေကားလမ်းကို အ[illegible]တ်မှာ ပြန်းဆို တွေ့တာကိုးဗျ..။ ဟုတ်ပြီ.. ဆက်သွယ်ရေးရဲဘော်.. ဘာဖြစ်နေလဲ.. [illegible]ရှာ..လိုက်ရှာ.. ဟိုက် သောက်ကျိုးနည်း.. ကျုပ်ဝပ်နေတဲ့ ပထမနေရာကိုကျတဲ့ 40mနဲ့ တစစီဖြစ်ကျန်ခဲ့တာပါလား. ဆက်သွယ်ရေးစက်ကလေးကတော့ လယ်ကွင်းထဲမှာ..တစောင်းလေးပေါ်လို့..။

အရေးထဲမှပဲ...မိုးကလည်းကျလာသေးတယ်..ဆိုးလိုက်တဲ့ကံ..လယ်ကွင်းကနေ တတ်လာမယ့်အဖွဲ့ကို ကာပစ် နေရင်း သေနတ်သံတွေ ကြားက လွင့်နေတဲ့ ဆဲသံက အိမ်ကအမေနဲ့နမတွေကြားရင် ဖင်ကျိမ်းလိမ့်မယ်..။ ဟူး.. ပုခုံးသိုင်းကြိုးမှာကပ်ချုပ်ထားတဲ့ အိတ်လေးထဲကနေ စကုပ်(သေနတ်မှန်ပြောင်း)ကို ထုတ်လိုက်ပြီး သေနတ်မှာ တပ်လိုက်တယ်.ပြီးတာနဲ့ ဘယ်ဘက်က သစ်ငုတ်တိုတွေကြား မိကျောင်းတွားသွားလိုက်တယ်..။

အိုကေ..အသက်မှန်မှန်ရှူ..စိတ်ကို ငြိမ်အောင်ထား...ကိုယ့်ဘာသာ သတိပေးရင်း ပစ်မှတ်ကို ရှာလိုက်တယ်..တွေ့ပြီ..ဆရာသမားက ငုတ်တုတ်ထိုင်ပြီး ကောင်းကောင်းဆွဲနေတာ.. လည်ပင်းနားချိန်ပြီး မောင်းခလုတ်ဖြုတ်လိုက်တယ်..သွားပေရော့တစ်ယောက်..နောက်တစ်ယာက် ထပ်ရှာ..လှဲနေတဲ့ သစ်ပင်ကို အကာအကွယ်ယူပြီး ပစ်နေတာ..ခြေထောက်လေးထွက်နေတာ တွေ့တော့..ရော့..နောက်တစ်ယောက်.။

ကျွန်တော် ပစ်လိုက်တဲ့ လူမှာ သားသမီးများရှိမလား. ကိုယ်ဝန်ကြီးနဲ့ မိန်းမက အိမ်ပြန်ချိန်စောင့်နေမလား..ကျနော် မသိဘူး..ကျနော်သူကို မမုန်းပါဘူး..ရန်ငြိုးလည်း မရှိဘူး..ဒါပေမဲ့ ပစ်နေရတယ်.အသေပစ်နေရတယ်..

လူတစ်ယောက်တိုင်း တစ်ယောက်ပြီးတိုင်းကို
ပစ်ပြီးတိုင်း ပစ်ပြီးတိုင်းမှာ
ငါကိုယ်တိုင် သူတို့နဲ့ အတူတူ
လိုက်ပြီး သေနေသလို ခံစားရတယ်

state ကျောင်းသားဘဝက ဖတ်ခဲ့တဲ့ စာကြောင်းတစ်ကြောင်း..ဘာလို့ ကျွန်တော်ကိုယ်တိုင် ဖြစ်နေတာလဲ.. နောက်ထပ် ထပ်ရှာတော့ ရိုပ်ခနဲ မတ်တပ်ရပ်လိုက်တာ တွေ့တယ်.. ချိန်နေတုန်းပဲရှိသေး မောင်မင်းကြီးသား တကိုယ်လုံး မီးခိုးတွေ ထွက်ပြီး မှန်ပြောင်းထဲကို အရိပ်ဖြူကြီး ဝင်လာတယ်..

"ဟိုက်..RPG"

သောက်ကျိုးနည်း..ကုန်းထပြီး လှည့်အထွက်..ခန္ဓာကိုယ်တခုလုံးမြောက်တတ်သွားတယ်..ခွေးကျကျတယ်ဆိုတာ ဒါမျိုးထင်တယ်..ကျောကုံးတစ်ခုလုံး အက်ဆစ်နဲ့ ပက်ခံထားရသလိုပဲ..။ ပြေးဝင်လာတဲ့ ရဲဘော် နစ်ယောက်..ကြားတစ်ချက်..မကြားတစ်ချက် အသံတွေ..မျက်လုံးထဲမှာ အဖြူရောင်ကလွှဲလို့..ဘာမှ မမြင်တော့..။။

**************************

*****************

********

ဘယ်လောက်တောင် အိပ်ပျော်သွားတယ် မသိဘူး..။ မျက်လုံးအဖွင့်မှာ ကျွန်တော်နေ့ညံ့တဲ့ နေရာကို ရောက်နေတယ်.ပတ်ဝန်းကျင်တစ်ခုလုံး အဖြူပဲ.ဘယ်နားကြည့်ကြည့် အဖြူပဲ..ဂူခုန်းကားက နတ်ပြည်လိုပဲ..။ ရုတ်တရက် ဘေးနားကို ပြောက်ကျားဝတ်စုံနဲ့ လူတစ်ယောက် ရောက်လာတယ်.. ကျွန်တော်ကို ငုံ့ကြည့်တယ်..ပြီးတော့..သူကအော်လိုက်တယ်..

" ဟေ့..လူသစ်ရောက်တယ်ဟေ့"..ချက်ချင်း ဘေးနားမှာ လူတွေဝိုင်းအုံလာကြတယ်

အားလုံး စစ်ယူနီဖောင်းတွေနဲ့..သေသေချာချာကြည့်လိုက်တယ်.အားလုံး လက်မောင်းတံဆိပ်တွေ မပါဘူးရာထူးအဆင့်အတန်းတွေ မပါဘူး.. ကျွန်တော်ကိုယ်ကျနော် ပြန်ကြည့်မိတယ်. ကျွန်တော် ပုခုံးပေါ်က အပွင့်တွေလည်း မရှိဘူး.လက်မောင်းက တံဆိပ်တွေလည်း မရှိဘူး..။ဇဝေဇဝါဖြစ်နေတဲ့ ကျွန်တော်ကို ကျနော်လို စစ်ယူနီဖောင်းနဲ့ လူတစ်ယောက်က လက်ဆွဲနှုတ်ဆက်ပြီး ပြောတယ်..

" ကိုတို့ ငြိမ်းချမ်းသော နယ်မြေက ကြိုဆိုပါတယ် ညီလေး.."တဲ့

"ဗျာ.ဘယ်လို ငြိမ်းချမ်းသောနယ်မြေ.ဟုတ်လား".. ကျွန်တော်ပြန်မေးမိတယ်..
ညာဘက်အစွန်က လူက ထပြောတယ်

"ဒီနေရာမှာ ဝါဒစွဲတွေမရှိဘူး.ပုဂ္ဂိုလ်ရေး ကင်းတယ်.အားလုံးက လူတွေ.အထူးသဖြင့် မြန်မာနိုင်ငံသားတွေ စုစည်းနေတဲ့ နေရာပဲ".

ဒီလူကြီး ယူနီဖောင်းကိုတွေ့ဖူးပါတယ်..ဟိုက် ဒီဘဲကြီး ဗကပ ကပဲ..

"ဟုတ်တယ် ဒီနေရာမှာ အမုန်းတွေ ကင်းသွားတယ် အငြိုးတွေလည်း ပျောက်သွားတယ်".

ပြောတဲ့လူက ကေအန်ယူ ပျောက်ကျားကြီးနဲ့.

"ဒီနေရာမှာ စစ်ပွဲတွေမရှိတော့ဘူး."

လို့ ခုနက စစ်ယူနီဖောင်းနဲ့လူက ပြောတယ်.

"နောက်တစ်ခုက ငါတို့သေသွားပြီးပြီ".. လူအုပ်ထဲက ထွက်လာတဲ့ အသံပိုင်ရှင်ကို ကြည့်လိုက်တော့..လား လား..ခုနလေးတင် ကျွန်တော် လည်ပင်းကိုချိန် ပစ်လိုက်တဲ့ ကချင်လေး.နဲ့ ကျွန်တော်နေရာကို အာပီဂျေနဲ့ ပစ်တဲ့ ရှမ်းလေး.သူတို့အပြုံးတွေမှာ အမုန်းတွေမပါဘူး..။
ကျွန်တော် သိလိုက်ပါပြီ..ခုနက အာပီဂျေပုံးဆံနဲ့ ကျွန်တော်သေသွားခဲ့တယ်.ပြီးတော့ ဒီနေရာကို ရောက်လာတယ်.ဒီနေရာမှာ ငြိမ်းချမ်းရေး အပြည့်ရှိတယ်. ကျွန်တော်ပြုံးမိတယ်..ပြီးတော့ ရယ်လိုက်မိတယ်.အားလုံးလည်းရယ်ကြပြီး ထွက်သွားကြတယ်. ကျွန်တော်လည်း ချက်ချင်း ထလိုက်တယ်..အားလုံးမှာ အပြုံးကိုယ်စီနဲ့..အမုန်းတွေမရှိဘူး..လမ်းလျှောက်ရင်း အားလုံးကို လိုက်ကြည့်မိနေတယ်..ခံတွင်းချဥ်လာတာနဲ့ ဘောင်းဘီအိတ်ထဲ လက်နှိုက်စမ်းမိတော့ ဖက်ကြမ်းအတိုလေးထွက်လာတယ်.ပါးစပ်မှာ ခဲပြီး မီးခြစ်ခြစ်မယ် လုပ်တော့ မီးခြစ်မပါလာဘူး.. ဖျောက်ခနဲ အသံကြားပြီး မျက်နာရှေ့မှာ မီးပွင့်လေးထွက်လာတယ်. ကျွန်တော် ဆေးလိပ်ကို မီးညှိပြီး ကျေးဇူး ပြန်ပြောလိုက်တယ်.ssa ယူနီဖောင်းနဲ့ ကောင်လေးတစ်ယောက် မီးခြစ်လာခြစ်ပေးတာကိုး..ပြီးတော့ သူက အနားနားကပ်ပြောသွားတယ်.

".အောက်တော့ ငုံမကြည့်မိစေနဲ့.".

တဲ့..ပြီးတော့ သူလှည့်ထွက်သွားတယ်..လူဆိုတာကလည်း မလုပ်နဲ့ပြောရင် တယ်လုပ်ချင်သကိုး.. အောက်ကို ခိုးကြည့်လိုက်တယ်..။

ဟာ..မီးခိုးလုံးတွေ..ခြေပြတ်လက်ပြတ်အလောင်းတွေ.ရုပ်မပေါ်တော့တဲ့အလောင်းတွေ.ကိုယ့်အသက်ရှင်ဖို့ ပုံးပြီး သူများကို ပစ်သတ်နေရတဲ့ ဘဝတွေ.အဖေ အမေ တနေတဲ့ သွေးရဲရဲ နဲ့ နစ်ဘက်သော တိုက်ပွဲဝင်သူတွေ..ကလေးငိုသံတွေ.. ကျွန်တော် ချက်ချင်းမျက်စိမှိတ်လိုက်ရတယ်..ပြီးတော့ ခပ်လေးလေး ခြေထောက်တွေကို ဆွဲမပြီး ဆက်လမ်းလျှောက်ခဲ့တယ်..အော်.စစ် စစ်..။

ရှေ့မှာ လူနှစ်ယောက် ချက်စ်ထိုးရင်း ရယ်နေကြတယ်..တစ်ယောက်က မွန်..တစ်ယောက်က ရခိုင်..ကျွန်တော်လည်း ချက်ချင်း စချင်စိတ်လေး ဝင်သွားတာနဲ့.အနားကပ်ပြီး သီချင်းဆိုလိုက်တယ်.

"မင်းလေးသော့ ရခိုင် ရခိုင်သားဝေ.ငါလည်းသော့ ရခိုင် .ဇာကွာခြားလီလေ.."လို့ ဆိုတော့ ချက်စ်ထိုးနေတဲ့ ရခိုင်စစ်သားက မော့ကြည့်တယ်.ပြုံးပြပြီး သက်ပြင်းအရှည်ကြီး ချတယ်.ပြီးတော့ ချက်စ် ပြန်ထိုးနေတယ်.ကျနော် လှည့်ထွက်လိုက်တယ်..သူ့ပါးစပ်က ကျနော်ဆိုတဲ့ သီချင်းကို ဆက်ဆိုသံကြားလိုက်ရတယ်.

" ဒေပိုင် အဖြိုက်ဆိုး အသည်းကွဲဖူးစော် နားလည် "..တဲ့..ဟုတ်ပါတယ်.သူ့အသံမှာ ငိုသံပါနေတယ်ဆိုတာ ကျနော်သိတာပေါ့.။ဘာလို့များ ဒီအချိန်မှာ ဒီလိုအဖြစ်နဲ့တွေ့တာလဲ ကို သူ့အသည်းနာနေမှာပါ..။ဒီနေရာမှာ ယူနီဖောင်းမျိုးစုံနဲ့ တိုင်ရင်းသား အစုံရှိတယ်(ရှိဟင်ဂျာတော့ မပါဘူး).ဘယ်သူကိုမှ မမုန်းကြဘူး. အားလုံး အပြုံးကိုယ်စီနဲ့.ပုခုံးဖက် လမ်းလျှောက်နေကြလေရဲ့.. ဝါဒတွေ အမုန်းတွေ သမိုင်းတွေ အငြိုးတွေ တင်းမာမှုတွေ ဘာဆိုဘာမှ မရှိဘူး..အားလုံး ညီအကိုရင်းတွေလို နေနေကြတယ်.. ယူနီဖောင်းမျိုးစုံရှိတယ်. စိတ်ကတော့ တစ်စိတ်ထဲပဲ. ဒီအုပ်စုလေးထဲ လမ်းလျှောက်နေဆဲမှပဲ ကျနော်တကိုယ်လုံး ပေါ့ပါးနေတယ်. ပျော်နေတယ်. ဘာကြောင့်ပျော်တာလဲဆိုတာတော့ မပြောတတ်ဘူး. တစ်ယောက်ယောက်မျက်နှာပေါ်က နှုတ်ခမ်းအပြုံးတစ်ချက်ကို မြင်တိုင်း ကျနော်ပါလိုက်ပြုံးမိ.ဖက်လည်း တကင်းနှုတ်ဆက်မိတာ ဒီနေရာရဲ့ ထူးခြားချက်လား.. ယမ်းနံ့ မရှိတဲ့နေမြေ.မိုင်းမခင်းတဲ့နေမြေ.အမုန်းနဲ့ဝါဒစွဲ မရှိတဲ့နယ်မြေ..ဒီမှာ ကျွန်တော် ငှက်တစ်ကောင်လို ပေါ့ပါးနေတယ်..။

ညီအကိုတွေ သီတင်းကျွတ်မှာ ပြန်ဆုံသလို အားလုံးတွေ့တဲ့လူကို နှုတ်ဆက်ကြ ဖက်ကြ..လက်ဆွဲနှုတ်ဆက်ပြီး စကားစမြည်ပြောဆိုကြ.ဘယ်လောက် ပျော်ဖို့ကောင်းလဲဗျ..။

ဒီအချိန်မှာ..မနက်တိုက်ပွဲမှာ ကျွန်တော်ကလည်း ပစ်.. ကျွန်တော်ကိုလည်း ပစ်ထားတဲ့ ကေအိုင်အေက ကောင်လေးနှစ်ယောက်က ပြေးလာပြီး လက်တဖက် တစ်ချက်စီ ဆွဲပြီး သွားမယ်..သီချင်းသွားဆိုကြမယ် ဆိုပြီး ဆွဲခေါ်သွားပါရောဗျာ..ရှေ့မှာ လူအုပ်ကြီးတစ်အုပ်.. ဂီတာတီးနေတဲ့ လူတစ်ယောက်ကို ဝိုင်းပြီး သီချင်းတွေ ဆိုနေကြတယ်. လူအုပ်ကြီးထဲ အတင်းတိုးဝှေ့ပြီး ကြည့်မိတော့..အိုး..ဂီတာတီးနေတာ ကိုစိုင်းထီးဆိုင် ကြီးပဲ.. ကျွန်တော် သဘောပေါက်လိုက်ပါတယ် အားလုံးနဲ့အတူတူ လက်ခုပ်တီးပြီး သီချင်းလိုက်ဆိုလိုက်ပါတယ်.. သီချင်းခေါင်းစဉ်က

"သဘာဝ ရဲ့ ရင်သွေးငယ်တွေ"



**အညတရ ငှက်ခါး**

## ရုရှား ထက်မြက်ထူးချွန်ထက်မြက်တဲ့ ပညာရှင်
## ဆီအိုကောစ်စကီး(Konstantin E. Tsiolkovsky)

၁၇.၉.၁၈၅၇ခုနှစ် ရာဇာနီ ဆိုတဲ့ မြို့လေးတစ်မြို့နဲ့အလှမ်းမဝေးတဲ့ ရွာလေးတစ်ရွာမှာ ချာတိတ်လေးတစ်ယောက်ကို မွေးဖွားခဲ့ပါတယ်။ သူ့အသက် ၁၀ နှစ်ပြည့်တဲ့ချိန်မှာ စကားပြောနေးလံပြီး နားထိုင်းခဲ့ပါတယ်။ နားထိုင်းနေတဲ့ သူ့အတွက် ပညာသင်ရတဲ့ အချိန်မှာ အခက်အခဲတွေ များလှပါတယ်။ ဒါကြောင့်သူဟာ အိမ်မှာဘဲနေရင်း စာတွေကို လေ့လာခဲ့ပါတယ်။၁၆နှစ်ပြည့်ပြီးတော့ သူဟာမော်စကို မြို့ကို လာခဲ့ပါတယ်။သူ့ကို တွေ့ဆုံနိုင်တာကတော့ စာကြည့်တိုက်တွေ မှာ ဖြစ်ပါတယ်။ သူဟာ မနက်က နေ ညနေထိ စာကြည့်တိုက်ထဲမှာဘဲ နေ့တိုင်းရှိနေခဲ့ပါတယ်။ သူဟာ အဆင့်မြင့်သချာ်နဲ့ရူပဗေဒ ဆိုင်ရာဘာသာရပ်တွေကို ကိုယ့်အားကိုး ကိုးပြီး လေ့လာခဲ့ပါတယ်။၁၉၆၂ခုနှစ် မှာ သူဟာစာတစ်ကြောင်းရေးခဲ့ဖူးပါတယ်။

Учителей у меня не было.Меня можно считать самоучкой

In my life not teachers.But i can be considered self-taught

ငါ့ဘဝမှာဆရာ မရှိခဲ့ပါဖူး ဒါပေမဲ့ ငါ့ဟာငါစာဖတ်နိုင်တယ်လို့ ရေးခဲ့တာပါ။လူငယ်တွေ ကို ကိုယ့်ဟာကို လေ့လာကြဖို့ တိုက်တွန်းကြချင်တဲ့ ရည်ရွယ်ချက်နဲ့ ဖြစ်ပါတယ်။နောက်ငါးနှစ် ၁၈၇၉ ခုနှစ် ဘာရိုစကာ မြို့လေး မော်စကိုမြို့လေးရဲ့ မနီးမဝေးမှာ ကျောင်းဆရာ အဖြစ် ရူပဗေဒ နှင့် သချာ်ကို ပို့ချခဲ့ပါတယ်။တစ်ချိန်တည်းမှာ သူဟာ သိပ္ပံဆိုင်ရာ ပညာရပ်တွေကို လေ့လာခဲ့ပါတယ်။ အဲ့မြို့လေးမှာ သူဟာထင်ရှားတဲ့ကျောင်းဆရာတစ်ရောက်အနေနဲ့ ၁၂နှစ်ကြာအောင် နေထိုင်အလုပ်လုပ်ခဲ့ ပါတယ်။ ၁၈၉၂ခုနှစ်မှာ သူဟာ ကာလုကာဆိုတဲ့ မြို့လေးကို ကျောင်းဆရာ အနေနဲ့ထပ်မံပြောင်းရွှေ့ ခဲ့ရပါတယ်။သူအဲ့လိုနေထိုင်စဉ်မှာ သူဟာ သိပ္ပံပညာရပ်တွေ ကိုလေ့လာတီထွင်ခဲ့ပါတယ်။သူ့ကို အာကာသဆိုင်ရာ ဖခင်ကြီးဟုခေါ် ဆိုခဲ့ကြပါတယ်။သူဟာ ကမ္ဘာပတ်လမ်း တွေ ဂြိုလ်ပတ်လမ်းတွေ အာကာသဆိုင်ရာ ဂြိုလ်ချင်းသွားလာမှု တွေကို လေ့လာခဲ့ပါတယ်။သူဟာဒုံးပျံ ယာဉ်တွေရဲ့ အာကာသဆိုင်ရာသွားလာနိုင်မှုကိုတွေ့ ရှိခဲ့ပါတယ်။

နောက်၂၅နှစ်ကြာပြီး နောက်ရုရှား သိပ္ပံပညာရှင်တွေနဲ့ အတူ အာကာသထဲကို ဂြိုလ်ထုပစ်လွှတ်နိုင်ရန် စမ်းသပ်ခဲ့ကြပါတယ်။၄.၈.၁၉၅၇ခုနှစ်တွင် ကမ္ဘာတွင် အာကာသတွင်းသို ့ ဂြိုလ်အတု အာကာသယဉ်များ ပထမဦးဆုံး စတင်ပစ်လွှတ်နိုင်ခဲ့ကြပါသည်။ ၁၂.၄.၁၉၆၁ တွင် အာကာသတွင် ပထဆုံးခြေချခဲ့သော် ရုရှား အာကာသ သူရဲကောင်းယူရီဂါဂါရင်ကို ဘာစတော့ အာကာသယဉ် ပေါ်တင်၍ ကမ္ဘာတွင်ပထမဆုံး လူလိုက်ပါမှု ကို လုပ်ကိုင်နိုင်ခဲ့ပါသည်။ ထို့ကြောင့်သူ့အား ကမ္ဘာမှ ယခုချိန်ထိ အာကာသနှင့်ဒုံးပျံဆိုင်ရာ ပညာရှင်ဟု သတ်မှတ်ခဲ့ကြပါတယ်။ ကျွန်တော်ဒီစာပိုဒ်လေးကို ရေးသားတင်ပြရခြင်းကတော့ သူဟာနာထိုင်းနေပေမဲ့ သူ့ရဲ့ကြိုးစားအားထုတ်မှုလေး ကို အတုယူစေခြင် လို့ ဘဝကို စိတ်မပျက်ဘဲ ကြိုးစားခဲ့တဲ့ သူဟာ ကမ္ဘာ အသိမှတ်ပြု ခဲ့တဲ့ ရုရှားသိပ္ပံ ပညာရှင်တစ်ယောက် ဖြစ်ခဲ့တယ် ရသလောက် အကောင်းဆုံးလုပ်တဲ့ စိတ်ဓါတ်လေးတွေ ကို သိစေချင်လို ့ ကျွန်တော်သိသလောက် တင်ပြရေးသားခြင်းဖြစ်ပါတယ်။ ကျောင်းမှာ ဆရာမ ကျွန်တော်တို ့ကိုပြောလိုက်တဲ့ အချက်လေးတစ်ချက်ကို ပြောပြချင်ပါတယ် ။ ခုကမ္ဘာ မှာ အာကာသပေါ်တွင် ခြေချနေတဲ ့လူတွေ အများကြီးပါ နိုင်ငံတိုင်းက လွှတ်တင်လိုက်တာလဲ ခဏခဏဘဲဖြစ်နေပေမဲ့ သူဟာပထမဆုံးပါ ဘဲလို ့ဂုဏ်ယူစွာ ပြောလိုက်ပါတယ်။ပထမဆုံးဆိုသော် စကားရဲ့နောက် ကွယ်မှာ ကျွန်တော် အတွေးလေး ငါတို့ရော ဘယ်တော့ မှာ ဖစ်တင်မှာလဲ ?မြန်မာရဲ့ ပထမဆုံး ခြေချသူ ကဘယ်တော့မှ ပေါ်မှာလဲ?စတဲ့ အတွေးလေး ဖြစ်ပါတယ်။ ၁၉၆၁ ခုနှစ်ကယူရီဂါဂါရင်ကနေ စပြီး ခြေချလိုက်တာ ခု၂၀၁၁ ပြီးခဲ့ပါပြီ ကျွန်တော်တို ့တွေ တော်တော်နောက်ကျနေပါတယ် တွေးကြည့်ပါ ခုချိန်ကျွန်တော်တို့မှာ ကြိုးစားပိုင်ခွင့်ရှိလာတဲ့ချိန်မှာ ဘာတွေ လုပ်ကြမလဲ။ အရင်ချိန်တွေ တမ်းတမက်မောနေရုံ ဘဲပြန်ဆွေးနွေးနေရင်း နောက်လှည့်ကြည့် ရင်းရှေ ့မရောက်နိုင်တာတွေကို သိသင့်နေပါပီ။ မြန်မာဟာ ပထမဆုံး မလွှတ်တင်နိုင်ခဲ့ဖူး အခြေအနေမပေးခဲ့ပေမဲ့ ကျွန်တော်တို ့ခုကြိုးစားပိုင်ခွင ့ရှိလာတဲ့ ချိန်မှာ ကမ္ဘာက သိအောင်ပြဖို့ အချိန်တင်လေပြီ။ သူငယ်ချင်းတို့ရေ ကိုယ့်အလုပ်ကိုမှ မကြိုးစား အလေလိုက် ရပါတယ်ကွာဆိုတဲ့ စိတ်ဓါတ်တွေ ပြောက်သင့်နေပါပီ။တစ်ခုလေးပါ ကျွန်တော်တို ့ကိုခုလို ပြောလိုက်တဲ့ချိန်မှာ ကျွန်တော်တို့ပြန်မပြောနိုင်ပေမဲ့ နောက်လာမဲ့ မျိုးဆက်သစ်တွေမှာ အဲ့လိုပြောနိုင်တဲ့ ဟုတ်လား ငါတို့ နိုင်ငံလဲ ခုတင်လိုက်ပီ ဘယ်သူပါသွားတယ် ကဲမပြောစေချင်ကြဖူးလား သူငယ်ချင်းတို ့အဲ့တော့ ဒီလိုပြောနိုင်အောင် ကြိုးစားပြီး ဆောင်ရွက်သွားကြဖို့ လေးစားစွာ အကြံပေးတင်ပြလိုက်ပါတယ်။

**ဖိုးသားလေး**

# စိမ်းပေမဲ့လည်း ဖြူပါတယ်လေ

ကျွန်မအပြုံးလေးတခုကို မြင်ယောင်မိတယ်…အစကတော့ ဝိုးတဝါးပေါ့ ..နောက်တော့ တဖြည်းဖြည်းနဲ့ ထင်ရှားလာတယ်…ကျမငယ်ငယ်က မြင်ခဲ့တဲ့ အပြုံးလေးတစ်ခုဆိုပါတော့လေ… ကွမ်းစားထားလို့ ညစ်ထပ်ထပ် ဖြစ်နေတဲ့ သွားတွေနဲ့ ပြုံးနေတဲ့ အပြုံးလေးတစ်ခု …အပြုံးက မလှပပေမဲ့ နှစ်လိုစရာကောင်းလှပါတယ် …အပြုံးက မဝံ့ကြွားလှပေမဲ့ ဖြူစင်လှပါတယ်…..။။

လွန်ခဲ့တဲ့ 23 နှစ်လောက်ဆိုပါတော့ .. ကျွန်မအသက် ၅နှစ်လောက်ကဆိုပါတော့ …ကျွန်မ၅ နှစ်သမီးလောက်တုန်းကတော့ မော်လမြိုင်မှာပဲနေတုန်းပါ …အဲတုန်းက အဘွားနေမကောင်းလို့ ရန်ကုန်ကို ဆေးခန်းလာပြတယ်..တည်းတာက တော့ ကန်တော်လေး လား တောင်ဥက္ကလာ လား မမှတ်မိတော့ဘူး… တည်းတဲ့အိမ်ရဲ့ အနောက်ဘက်ဝင်းထဲမှာ ရပ်ကွက်လေးတစ်ခုရှိတယ်… အဲဒီအချိန်တုန်းက အဲဒီရပ်ကွက်ကို ဖျက်ပြီးလှိုင်သာယာ မြို့သစ် ပို့တယ်တဲ့ …အိမ်တွေဖျက်ပြီးရင် ပစ္စည်း တွေ သယ်ဖို့ စစ်တပ်က ကားတွေလာပါတယ်.. အိမ်ဖျက်တယ်ဆိုတော့လည်း ၂ရက် ၃ရက်တော့ကြာ တာပေါ့လေ.. အဲဒီအိမ်နောက်ဘက် ရပ်ကွက်ထဲက ကလေးတွေနဲ့ ကျွန်မတို့တွေက ကစားဖော်တွေပါ ကျမတို့မိသားစု ရန်ကုန်ရောက်တိုင်းလည်း အဲဒီအိမ်မှာတည်းနေကြဆိုတော့ ကျွန်မလည်း နောက်ဘက် ရက်ကွက်ထဲက ကလေးတွေနဲ့တောင်သူငယ်ချင်းဖြစ်နေပါပြီ….။။

အိမ်ဖျက်တယ်ဆိုတော့ စစ်သားတွေလည်း ပစ္စည်းတွေဝိုင်းသယ်ပေးပါတယ်… တချို့ဖျက်ပြီးသား အိမ်တွေကလည်းရှိနေတော့ မြေကွက်လပ်လို ဖြစ်နေတာပေါ့လေ .. ငယ်ငယ်တုန်းက ကြွေပန်းကန်စေ့ပြစ်တိုင်း ကစားဖူးကြမယ်ထင်ပါတယ် ….အရုပ်ပြစ်သလိုပါဘဲ ကြွေပန်းကန် အကွဲစလေးတွေကို ထောင်ပြစ်တာပါ … ဒါပေမဲ့ အရုပ်ပြစ်တာက အရုပ်ကိုဆိုင်တွေမှာဝယ်လို့ရပေမဲ့ ကြွေပန်းကန်စေ့ကြတော့ ဆိုင်တွေမှာ ဝယ်လို့မရဘူးလေ.. အိမ်က ကြွေပန်းကန် ဟင်းထည့်ပန်းကန်တွေကွဲမှ ကြွေပန်းကန်စေ့ဆိုတာ ရတာမှတ်လား.. နောက်ပြီး ကြွေပန်းကန်ဆိုတော့ လူကြီးတွေကလည်း တော်ရုံအကွဲမခံကြဘူးလေ..မတော်လို့ ကွဲသွားပြန်ရင်လည်း လက်တွေ ရှတတ်တော့ ကြွေပန်းကန်စေ့လုပ်ဖို့မပေးကြဘူး တခါတည်း လွှင့်ပြစ်တာများတယ် …အဲဒီတော့ကျမတို့ ကလေးတွေအဖို့ ကြွေပန်းကန် အစေ့လေးတွေ ဆိုတာ တော်တော်လေးတန်ဘိုးရှိတာပါ…..။။

အိမ်ဖျက်လိုက်တော့ ဟင်းလင်းပြင်လို့ ဖြစ်ပြီး ကြွေပန်းကန်အကွဲတွေရော အိုးစုတ်ခွက်စုတ်တွေရော ...တခြား တောက်တိုမယ်ရပစ္စည်း တွေကအစ ပေါ်လာတာပေ့ါ ..ကျမတို့ကလေးတသိုက်ကတော့ ကြွေပန်းကန် စတွေကို လိုက်ကောက်တာပေ့ါလေ…. အဲဒီမှာ..အဲဒီစစ်သားဦးလေးကြီးကိုတွေ့တာပါ ..အစကတော့ အဲဒီစစ်သားကြီးက သူ့ဘာသူ ထမင်းချက်ဖို့ လုပ်နေတာပါ..။နောက်တော့ ကျမတို့ကလေးတွေက ကြွေပန်းကန်စတွေ့တိုင်း ငြင်းခုန်နေကြတော့ ..သူလာကြည့်ပါတယ် သူလာတော့ အားလုံးလန့်သွားကြပါလေရော… အရေးအခင်းကလည်း ပြီးခါစလေးဆိုတော့ စစ်သားဆို လန့်နေတာပါ..အိမ်ကအမေတို့ကလည်း ကလေးတွေဆော့ရင်ကောင်းကောင်းဆော့နော်…စစ်သားတွေအနားသွားမရှုပ်နဲ့နော်…သူတို့တွေက ပစ္စည်း တွေပြောင်း သယ်တာနဲ့အလုပ်ရှုပ်နေတာနော်…နင်တို့ကလေးတွေကို စိတ်မရှည်ရင်ထုထည့်လိုက်မယ်ဆိုပြီးပြောထားတော့ ကြောက်ကြတာပေ့ါ..။အဲဒီစစ်သားကြီးက ကျွန်မတို့တွေ လုနေတာကို လာကြည့်ပြီးတော့ “ကလေးတွေ လက်ရှကုန်မယ် မလုကြနဲ့ ဦးလေး ခွဲပေးမယ်” လို့ပြောတယ်..အဲတာနဲ့ဘဲ ကျွန်မတို့လည်း ကြောက်ကြောက်နဲ့ပဲ ရထားတဲ့ ပန်းကန်ကွဲအစကို သူ့ကိုပေးလိုက်ပါတယ်…သူကအနားက အုတ်ခဲကျိုးတလုံးယူပြီး အစသေးသေးလေးတွေဖြစ်အောင် ခွဲပေးပါတယ်…ပြီးတော့ အစဘယ်နှစ်စ ရတယ် ကလေးကဘယ်နှစ်ယောက်ရှိတယ်..တယောက် ဘယ်နှစ်စ ယူဆိုပြီး ဝေပေးပါတယ်…။။

အဲတာနဲ့တော်တော်အဆင်ပြေသွားတယ်ဆိုပါတော့ .. ကျွန်မတို့ကလေးတွေလည်း သူ့ကို မကြောက်တော့ပါဘူး..ပန်းကန်ကွဲစတွေရတိုင်း အဲဒီစစ်သားကြီးကိုသွားပေးပြီးခွဲခိုင်းတာပေ့ါ သူကလည်းစိတ်ရှည်ရှည်နဲ့ လုပ်ပေးတယ်…အစလေးတွေက ချွန်ပြီးရှတတ ဖြစ်နေရင် .. နဲနဲလေးတုံးသွားအောင် ကျောက်ပြားလေးပေါ် ပွတ်ပြီးမှ ပေးတာပါ…တခဏအတွင်းမှာဘဲ ကျွန်မတို့ကလေးတွေအားလုံး အဲဒီစစ်သားဦးလေးကြီးကိုခင်သွားပါတယ်.. ..။။

ကျွန်မတို့ပန်းကန်အစလေးတွေရလာတိုင်း ပျော်ပြီး ဆူညံနေအောင် အော်နေကြတာကို ကြည့်ပြီး ပြုံးနေတာပါ ...ကျွန်မစိတ်ထဲအခုချိန်ထိအောင် အဲဒီ စစ်သားဦးလေးကြီးရဲ့ အပြုံးကို မှတ်မိနေပါသေးတယ်…ကျွန်မတို့ကလေးတွေ အော်ဟစ်ပြီး ဆော့နေတာကို တနေရာကနေ ပြုံးပြီးကြည့်နေတာပါ ....နောက်တော့ ပန်းကန်ကွဲအစတင်မဟုတ်တော့ပါ ...အုန်းလက်လေးတွေနဲ့ ကျွန်မတို့ကို ငှက်ရုပ်လေးတွေ .. ကြယ်ပုံလေးတွေ ..ချိုးပြီးခေါက်ပေးပါတယ်.. အုန်းလက်လေးတွေဆက်ပြီး ခေါင်းမှာဆောင်းတဲ့ သရဖူလို အခွေလေးတွေ ...အစုံပါဘဲ

သူလုပ်ပေးတာပါ… နောက်တော့ အိမ်ပြောင်းတာတွေပြီးသွားတော့ စစ်သားတွေလည်း မရှိတော့ပါဘူး.. ကျွန်မရဲ့ကစားဖော် သူငယ်ချင်းတချို့ကလည်း အိမ်ပြောင်းတဲ့အထဲပါတော့ .. အပြောင်းအရွှေ့ပြီးသွားတော့ မရှိကြတော့ပါဘူး.. ။ကျွန်မတို့ကျန်ခဲ့တဲ့ကလေးတွေလည်း ပျင်းလို့ကျန်ခဲ့တယ်ဆိုပါတော့လေ….ကျွန်မစိတ်ထဲ ကျွန်မရဲ့သူငယ်ချင်းတွေရော အရုပ်လေးတွေ လုပ်ပေးခဲ့တဲ့ စစ်သားကြီးကိုရော သတိရနေမိပါတယ်…။

ည ညဆို ကျွန်မတို့အိမ်ပေါ်ထပ်နောက်ဘက် ဝရံတာလေးကနေ အနောက်ဘက်မှာ ဟင်းလင်းပြင်ဖြစ်နေတဲ့ မြေတလင်းကိုကြည့်ပြီး ကျွန်မရဲ့ သူငယ်ချင်းတချို့နဲ့ ကျမကိုခေါင်းဆောင်းတဲ့ သရဖူလေး အုန်းလက်နဲ့ခေါက်ပေးခဲ့တဲ့ စစ်သားဦးလေးကြီးကိုလည်း သတိရနေမိပါတယ်.. ကျွန်မတို့မိသားစု ရန်ကုန်ကမပြန်မချင်းပေါ့..။

ကျွန်မအဲဒီအခေါက် မော်လမြိုင် ပြန်တော့ အဲဒီဦးလေးကြီးခေါက်ပေးထားတဲ့ အရုပ်ကလေးတွေတောင် ပြန်သယ်သွားခဲ့ပါတယ်….။။

ကျွန်မအခု အက်ဆေးလေးတစ်ပုဒ်ရေးမယ်လို့ စဉ်းစားတော့ ဘာရေးရင်ကောင်းမလည်းတွေးရင်းနဲ့ ကျွန်မစိတ်ထဲ သေချာပြန်မြင်ယောင်မိတာကတော့အဲဒီစစ်သားဦးလေးကြီး ရဲ့ အပြုံးလေးပါဘဲ…..။။

အဲတာနဲ့ပဲကျွန်မ ဒီအကြောင်းရေးဖြစ်တယ်ဆိုပါတော့ ..အခုဆိုရင်နှစ်ပေါင်းမနည်းတော့ပါဘူး ကျွန်မတောင် အရွယ်ရောက်နေပြီပဲ…ကျွန်မတို့ကို တချိန်တုန်းက အရုပ်ချိုးပေးခဲ့တဲ့ စစ်သားကြီးလည်း အိုပြီပေါ့…နှစ်ပေါင်း ၂၀ ကျော်ဆိုတာ မနည်းလှတဲ့အချိန်တွေပါ … ကျမစဉ်းစားမိတယ်…တချိန်တုန်းက ကျွန်မတို့ကို ကြွေပန်းကန်စေ့လေးတွေ ခွဲပေးခဲ့တဲ့ စစ်သားကြီးဟာ အခုချိန်ဆို ဘယ်မှာများရှိနေလိမ့်မလည်းလို့လေ..တပ်မတော်ထဲမှာ စစ်သားအိုကြီးအဖြစ်နဲ့ တာဝန်ထမ်းဆောင်နေဆဲလား…တပ်မတော်ကနေပဲ အနားယူပြီး တနေရာရာမှာများ.. ဘဝကိုရပ်တည်နေပြီလား….ဒါမှမဟုတ်…တနေရာရာမှာများ တိုင်းပြည်အတွက် အသက်စွန့်ပြီးတိုက်ပွဲဝင်သွားသလား…ကျွန်မဘာကိုမှ မသိနိုင်ပါဘူး….။။

အခု သူ့အကြောင်းကို ကျွန်မ အက်ဆေးအဖြစ်ရေးနေတယ်ဆိုတာ အဲဒီစစ်သားကြီး မသိနိုင်တော့ပါဘူး….ကျွန်မ စီမှာလည်း တချိန်တုန်းက သူလုပ်ပေးခဲ့တဲ့ အရုပ်တွေ

ကြွေပန်းကန်စေ့တွေလည်း မရှိတော့ပါဘူး…ဒါပေမဲ့ တချိန်တုန်းက ကျွန်မတို့ကို သူပြုံးပြခဲ့တဲ့ အပြုံးတစ်ခု ..အဲဒီအပြုံးကို ကျွန်မ အခုချိန်ထိအောင် စွဲနေအောင်မှတ်မိဆဲပါ.. နောက်ပြီး ကျမသိလိုက်တဲ့ အတွေးလေးတခု ...အဲတာကတော့ အစိမ်းရောင် ယူနီဖောင်းတစုံရဲ့ အောက်မှာ အင်မတန် ဖြူစင်လှတဲ့ နှလုံးသားတွေ ရှိနေတယ်ဆိုတာပါဘဲလေ…. ။။ ..။။။

**ပစ်ပစ် (blackroze )**



# ကျေးဇူးတင်ရှိခြင်း

- ဤစာအုပ် ဖြစ်မြောက်ရေးအတွက် ဓာတ်ပုံများ ကူညီပေးသော ကဗျာဆရာ ကိုနွေရိပ်၊ ကဗျာဆရာမ ဂျူနို။
- မျက်နှာဖုံးဒီဇိုင်းဆွဲပေးသော အစ်ကိုနွေမိုး။
- မျက်နှာဖုံးဒီဇိုင်းအတွက်အချိန်ကုန်ခံ အပင်ပန်းခံခဲ့သော ညီမငယ်ယမုံဖူး။
- အစစအရာရာအကြံပေးခဲ့သော၊ စာမူများလိုက်လံတောင်းခံပေးခဲ့သော ဝိုင်း။
- နောက်ဆုံးအကြိမ်အကဲဖြတ်ပေးသော စာဥမ။
- စာမူများပေးပို့ခဲ့ကြသော ကလောင်ရှင်အစ်ကို အစ်မ၊ ညီငယ်၊ ညီမငယ်များ။

နှင့်တကွ..

ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း။

နေပိုင်

(စီစဉ်သူ)